ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဧပြီလ )

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

**ပုံနှိပ်မှတ်တမ်း**

----------

ပြန်ကြားရေးဝန်ကြီးဌာန
စာအုပ်အမှတ်စဉ် ( ၅၈/၂၀၂၂ )

**ထုတ်ဝေသည့်ခုနှစ်**
၂၀၂၂ ခုနှစ်၊ မေလ

**ထုတ်ဝေသည့်အကြိမ်**
ပထမအကြိမ်

**အုပ်ရေ**
၁၅၀၀ အုပ်

**ပုံနှိပ်**
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန

Online တွင်ဖတ်ရှုရန် Scan ဖတ်ပါ။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ထုတ်ဝေသည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ
# နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်
# ပြောကြားခဲ့သည့် မိန့်ခွန်းများ

( ၂၀၂၂ ခုနှစ်၊ ဧပြီလ )

# မာတိကာ


- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ၅
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ် ၆

**မိန့်ခွန်းများ**

၁။ လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအားတွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၇

၂။ ရှမ်းပြည်နယ်(မြောက်ပိုင်း) အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား လားရှိုးမြို့ရှိ မြို့နယ်ခန်းမ၌ ပြောကြားသည့်အမှာစကား ၁၃

၃။ သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၁၇

၄။ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား ၂၁

၅။ မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားသည့် မြန်မာနှစ်သစ်ကူးနှုတ်ခွန်းဆက်မင်္ဂလာစကား ၂၅

၆။ ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် Governor House ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့် အမှာစကား ၂၇

၇။ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့၊ နိုင်ငံတော်အစိုးရဧည့်ဂေဟာရှိ အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား ၃၀

၈။ ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကား ၃၄

၉။ မြန်မာနိုင်ငံကော်ဖီအသင်းနှင့် ပြင်ဦးလွင် ကော်ဖီဥယျာဉ် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား ၃၈

၁၀။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့် မိန့်ခွန်း ၄၀

၁၁။ (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ပြောကြားသည့်အမှာစကား ၄၂

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် ကိုဗစ် - ၁၉ ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ ကိုဗစ် - ၁၉ ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့် ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
# ဦးတည်ချက် (၄) ရပ်

## ၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

( ခ ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထား လုပ်ဆောင်ရေး၊

( ဂ ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက် လိုက်နာ ကျင့်သုံးရေး၊

## ၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ် များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

( ခ ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု များကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး၊

( ဂ ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

## ၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

( ခ ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစား လိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး၊

( ဂ ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# လားရှိုးတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

( ၉ - ၄ - ၂၀၂၂ )





မိမိတို့နိုင်ငံ၌ တစ်ဦးချင်း အသိပညာ၊ အတတ်ပညာ မြင့်မားမှသာလျှင် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံ ဒီမိုကရေစီစနစ်ကို ခိုင်မာမည်ဖြစ်ပြီး တိုင်းပြည်၏ အနာဂတ်နှင့် နိုင်ငံတော်၏အနာဂတ်ကို အာမခံနိုင်မည် ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဧပြီလ ၉ ရက် မွန်းလွဲပိုင်းတွင် လားရှိုး တပ်နယ်မှ အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ လားရှိုးတပ်နယ် မှ အရာရှိ၊ စစ်သည်မိသားစုဝင်များ တက်ရောက်ကြသည်။

**မြန်မာ့နိုင်ငံရေးသမိုင်းကြောင်း**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ယခုနှစ်သည် မိမိတို့နိုင်ငံ၏ စိန်ရတုပြည်ထောင်စုနှစ်ဖြစ်ပြီး လာမည့် နှစ်တွင် စိန်ရတုလွတ်လပ်ရေးနှစ်သို့ရောက်ရှိမည်ဖြစ်ကြောင်း၊ စိန်ရတုကာလသို့ ရောက်ရှိပြီဖြစ်သော်လည်း မိမိတို့နိုင်ငံ တွင် လက်နက်ကိုင်ပဋိပက္ခများ ရှိနေဆဲဖြစ်ပြီး ငြိမ်းချမ်းမှု အပြည့်အဝမရရှိသေးသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ အရာရှိ စစ်သည်၊ မိသားစုများအနေဖြင့် မိမိနိုင်ငံ၏ နိုင်ငံရေး သမိုင်းကြောင်းကို မှန်မှန်ကန်ကန်သိရှိရန် လိုအပ်မည် ဖြစ်ကြောင်း၊ သမိုင်းကြောင်းကို လေ့လာကြည့်မည်ဆို ပါက ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးကာလတွင် ပါလီမန် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ကြောင်း၊ လွတ်လပ်ရေး ကြိုးပမ်းခဲ့စဉ်ကတည်းက လွတ်လပ်ရေးသည် ပထမ၊ ဒီမိုကရေစီရေးသည် ဒုတိယ၊ ဆိုရှယ်လစ်ရေးသည်တတိယ ဟူ၍ ကြွေးကြော်ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရမည်ဖြစ် ကြောင်း၊ လွတ်လပ်ရေးရပြီးနောက် ၁၉၄၇ ခုနှစ်တွင် တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုရေးဆွဲခဲ့သည့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (၁၉၄၇ ခုနှစ်) ကို ကျင့်သုံး ခဲ့ကြောင်း၊ သတိပြုရမည်မှာ ယင်းဥပဒေသည် ပြည်သူ လူထုတစ်ရပ်လုံးမဲပေးအတည်ပြုခဲ့သည့် ဥပဒေမဟုတ် ဘဲ တိုင်းပြုပြည်ပြုလွှတ်တော်က အချို့သောပညာရှင်များ၏ အကြံဉာဏ်များရယူကာ ရေးဆွဲအတည်ပြုခဲ့သည့် ဥပဒေ

ဖြစ်ကြောင်း။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ ၁၉၄၈ ခုနှစ်မှ ၁၉၅၈ ခုနှစ်ထိ ဖဆပလအစိုးရက အုပ်ချုပ်ခဲ့ကြောင်း၊ လွတ်လပ်ရေးမရမီကာလနှင့် လွတ်လပ်ရေးရပြီးကာလတွင် ဆိုရှယ်လစ်စနစ်နှင့် အရင်းရှင်စနစ်တို့၏ အားပြိုင်ခဲ့မှု၊ အယူဝါဒကွဲပြားမှုများကြောင့် ၁၉၄၈၊ မတ်လတွင် ကွန်မြူနစ်ပါတီတောခိုခဲ့ကြောင်း၊ ထို့နောက် KNDO ကဲ့သို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ၁၉၅၀ ပြည့်နှစ်ခန့်တွင် တရုတ်ဖြူတို့ကျူးကျော်ခဲ့သဖြင့် တပ်မတော်က ပြန်လည်တိုက်ထုတ်ခဲ့ရကြောင်း၊ ထို့ပြင် ကိုလိုနီအစိုးရ၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် ဖြစ်ပေါ်လာသည့် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ၊ အာဏာရပါတီတွင်း ပြဿနာများပေါ်ပေါက်လာခဲ့ပြီး ထိုစဉ်က ကမ္ဘာ့၌ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အများဆုံးတိုင်းပြည်ဖြစ်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး အတူတကွယှဉ်တွဲနေထိုင်နေသည့် ပြည်ထောင်စုကြီးမပြိုကွဲစေရေးအတွက် နိုင်ငံနှင့်အဝန်း ထိန်းသိမ်းဆောင်ရွက်ခဲ့ရပြီး အသင့်အတင့်သာ ထိန်းသိမ်းနိုင်ခဲ့ကြောင်း၊ အချို့နေရာများ၌

**"တောမီးလောင် တောကြောင်လက်ခမောင်းခတ်"** ဆိုသကဲ့သို့ လက်နက်ကိုင်ဆူပူမှုများပေါ်ပေါက်လာခဲ့ပြီး **"သူတစ်လူငါတစ်မင်း၊ နယ်တစ်နယ် ဓားတစ်စင်း"** ဓားပြများအသွင်ကဲ့သို့ ဖြစ်လာခဲ့ကြောင်း။

**လက်နက်ကိုင်ဆူပူမှုများအကြား ပြည်ထောင်စုကြီးမပြိုကွဲစေရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်ခဲ့ရ**

ထိုကဲ့သို့ နိုင်ငံရေးပြဿနာများ၊ လက်နက်ကိုင်ပဋိပက္ခများနှင့် ပါတီတွင်းသဘောထားကွဲလွဲမှုများ ဖြစ်ပေါ်လာခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရ တက်လာခဲ့ကြောင်း၊ အဆိုပါပြဿနာများအပြင် မြို့ပေါ်၌ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်ရေးကို ထိခိုက်စေသည့် ကျူးကျော်ရပ်ကွက်ကဲ့သို့ ကိစ္စရပ်များကို တပ်မတော်က အမုန်းခံ၍ ဖြေရှင်းဆောင်ရွက်ခဲ့ရပြီး နောင်တက်လာမည့် ရွေးချယ်ခံအစိုးရအတွက် နိုင်ငံတော်ကို အကောင်းဆုံး ပုံဖော်ပေးခဲ့ရကြောင်း၊ ၁၉၆၀ ပြည့်နှစ် ရွေးကောက်ပွဲအပြီးတွင် သန့်ရှင်းဖဆပလအနိုင်ရခဲ့သော်လည်း ပါတီတွင်း ထပ်မံကွဲပြားမှုများရှိခဲ့ပြီး နိုင်ငံရေးအရှုပ်အထွေးများ များစွာဖြစ်ပေါ်ရှုပ်ထွေးခဲ့ကြောင်း၊ ထိုသို့ရှုပ်ထွေးနေစဉ် ၁၉၄၇ အခြေခံဥပဒေတွင် ထည့်သွင်းခဲ့ရသည့် ၁၀ နှစ်ကြာလျှင် ခွဲထွက်ခွင့်ရှိသည်ဟူသည့်အချက်ကို ကိုင်စွဲ၍ ပြည်ထောင်စုမှခွဲထွက်ရေးကို တောင်းဆိုမှုများရှိလာခဲ့ကြောင်း၊ ထို့ကြောင့် တပ်မတော်က ပြည်ထောင်စုကြီးမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့ကိုဦးတည်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ၎င်းကဲ့သို့ ဆောင်ရွက်ရခြင်းမှာလည်း မိမိတို့ကိုယ်ကျိုးစီးပွားအတွက်မဟုတ်ဘဲ နိုင်ငံတော်နှင့် အများသူငှာကောင်းစားရေးအတွက် ဖြစ်သင့်ဖြစ်ထိုက်သည်ကို ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်သည် ကိုလိုနီဖြစ်ခဲ့ရသဖြင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်အများစုသည် လက်ဝဲယိမ်းသူ၊ ဆိုရှယ်လစ်ဝါဒယိမ်းသည့် အယူအဆရှိသူ များစွာရှိခဲ့ကြောင်း။

တပ်မတော်ခေါင်းဆောင်ပိုင်းအချို့၌လည်း ဆိုရှယ်လစ်အယူဝါဒပိုင်းရှိခဲ့သကဲ့သို့ လွတ်လွတ်လပ်လပ် ဆောင်ရွက်လိုသည့် လစ်ဘရယ်အယူဝါဒရှိသူများလည်း ပါဝင်ကြောင်း၊ နိုင်ငံတော်၌ ဆိုရှယ်လစ်စနစ်ကျင့်သုံးနိုင်ရေးအတွက် တော်လှန်ရေးကောင်စီ၏ မူဝါဒသဘောထား

**တပ်မတော်အနေဖြင့်**
**ပါတီစုံဒီမိုကရေစီလမ်းကြောင်း**
**ခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိ၊**
**စစ်မှန်စည်းကမ်းပြည့်ဝသည့်**
**ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊**
**ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့်**
**ပြည်ထောင်စုတည်ဆောက်ရေးကို**
**ဦးတည်ဆောင်ရွက်လျက်ရှိ၊**
**ထို့ကြောင့်အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ်**
**တိုင်းပြည်သာယာဝပြောရေးနှင့်**
**စားရေရိက္ခာဖူလုံရေးကို**
**ချမှတ်ဆောင်ရွက်လျက်ရှိ။**

ကြေညာချက်တွင် စတင်ဖော်ထုတ်လာသည်ကို သမိုင်းမှတ်တမ်းများ၌ တွေ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရခြင်းမှာလည်း နိုင်ငံရေးအရ သမိုင်းကြောင်းများအပြင် စီးပွားရေးအရ သမိုင်းကြောင်းများကြောင့်ဖြစ်ကြောင်း၊ ၁၉၅၀ ပတ်ဝန်းကျင်ခန့်တွင် ကိုရီးယားစစ်ပွဲများဖြစ်ပေါ်ခဲ့ပြီး မိမိတို့နိုင်ငံမှ ဆန်၊ စပါးကဲ့သို့ထွက်ကုန်များ ဈေးကောင်းရခဲ့ကြောင်း၊ ထို့ကြောင့် အာဏာရပါတီအနေဖြင့် ပြည်တော်သာစီမံကိန်းကို ရေးဆွဲခဲ့ပြီး **"လူတစ်ယောက် ကားတစ်စီး၊ တိုက်တစ်လုံး၊ တစ်လဝင်ငွေရှစ်ရာ"** ဟူသည့် ကြွေးကြော်သံဖြင့်ပင် ဆောင်ရွက်ခဲ့ကြောင်း၊ ကိုရီးယားစစ်ပွဲအပြီးတွင် စပါးဈေးထိုးကျခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများလည်း ဖြစ်ပေါ်ခဲ့သဖြင့် ဝင်ငွေနည်းပါးခဲ့ခြင်းကြောင့် အောင်မြင်မှုမရရှိခဲ့ကြောင်း၊ အာဏာရပါတီ၏နောက်တွင် စီးပွားရေးသမားများရှိခဲ့ပြီး ထောက်ခံမဲများရရှိရေးအတွက် လူမျိုးခြားများနှင့်စီးပွားရေးသမားများကိုလုပ်ပိုင်ခွင့်များ၊ နေရာများပေးခဲ့သဖြင့်ပြည်တွင်းအုပ်ချုပ်ရေးလမ်းကြောင်း၌ အခက်အခဲများရှိခဲ့သည်ကို တွေ့ရှိရကြောင်း။

ထိုသို့ဖြစ်ပေါ်နေမှုများကို တပ်မတော်ခေါင်းဆောင်ပိုင်းများက သတိထားတွေ့မြင်ခဲ့ပြီး တိုင်းပြည်၏ အနာဂတ်အရေးအတွက် မျှော်တွေးထိန်းသိမ်းဆောင်ရွက်ခဲ့ရမှုများသည် တိုင်းပြည်အတွက် ဆိုရှယ်လစ်စနစ်ကို ဦးတည်စေခဲ့ကြောင်း၊ နိုင်ငံတော်၏စီးပွားရေးအခန်းကဏ္ဍသည် ပြည်သူတို့လက်ဝယ်တွင်ရှိစေရေးအတွက် ပြည်သူပိုင်သိမ်းသည်များကို ဆောင်ရွက်ခဲ့ရသည်များရှိကြောင်း၊ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ တော်လှန်ရေးကောင်စီနှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတို့က အုပ်ချုပ်ဆောင်ရွက်ခဲ့ပြီး ၁၉၇၄ ခုနှစ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲပြုလုပ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၁၉၇၄ ခုနှစ်) ကို အတည်ပြုခဲ့ကြောင်း၊ ယင်းဥပဒေအား မူကြမ်းသုံးကြိမ်အထိရေးဆွဲ၍ ပြည်သူလူထုထံသို့ ချပြပြီးမှ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲလုပ်ကာ အတည်ပြုခဲ့ခြင်းဖြစ်ပြီး ဆိုရှယ်လစ်နိုင်ငံကို တရားဝင်တည်ထောင်ခဲ့ခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် ဆိုရှယ်လစ်စနစ်ကိုတည်ဆောက်ရာ၌ တပ်မတော်ကို အမာခံဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး နိုင်ငံရေးသမားများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ဆိုရှယ်လစ်စနစ်ကိုထောက်ခံသည့် ပြည်သူလူထုတို့ဖြင့်ပူးပေါင်း၍ လမ်းစဉ်ပါတီကို တည်ထောင်ကာ ၁၉၈၈ ခုနှစ်ထိ လျှောက်လှမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အားနည်းချက်များရှိသကဲ့သို့ အားသာချက်များလည်းရှိကြောင်း၊ သမိုင်းကို သိရှိအောင် လေ့လာ၍သုံးသပ်ကြစေလိုပြီး အချို့ကောင်းမွန်သည့်အရာများကို ပညာယူကြစေလိုကြောင်း၊ နိုင်ငံတကာဖြစ်စဉ်များ၊ မိမိနိုင်ငံ၏ဖြစ်စဉ်များကို ချိန်ထိုးနှိုင်းယှဉ်သုံးသပ်ကြရန် တိုက်တွန်းလိုကြောင်း။

**ထိန်းသိမ်းတာဝန်ယူဆောင်ရွက်**

ဆိုရှယ်လစ်စနစ်၏ အားနည်းချက်၊ စီမံခန့်ခွဲမှု အားနည်းချက်တို့ကြောင့် စီးပွားရေးကျဆင်းခဲ့ကာ ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ၁၉၈၈ ခုနှစ် အရေးအခင်းကို ဒီမိုကရေစီတောင်းဆိုသည့် ဖြစ်စဉ်တစ်ခုအဖြစ်သာ ယေဘုယျသဘောထားကြသော်လည်း ၎င်းနောက်ကွယ်၌ ဖြစ်ပွားရသည့်အကြောင်းအရင်း များစွာရှိသည်ကို လေ့လာတွေ့ရှိနိုင်ကြောင်း၊ ၎င်းအရေးအခင်း၌ တိုင်းပြည်၏ အခြေအနေယိမ်းယိုင်လာခဲ့ပြီး အချုပ်အခြာအာဏာပြိုကွဲမည့်အခြေအနေနှင့် ရင်ဆိုင်လာခဲ့ရသဖြင့် ၁၉၈၈ ခုနှစ် စက်တင်ဘာလတွင် တည်ဆဲအစိုးရ၏လုပ်ငန်းများ ရပ်တန့်ခဲ့သဖြင့်တပ်မတော်က ဝင်ရောက်ထိန်းသိမ်းတာဝန်ယူဆောင်ရွက်ခဲ့ရကြောင်း၊ တပ်မတော်အနေဖြင့် တတိယအကြိမ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ ပါတီစုံဒီမိုကရေစီဆိုသည်ကို ဂဃနဏ သိရှိခြင်းမရှိသော်လည်း ဆိုရှယ်လစ်စနစ်ကို မကြိုက်မနှစ်သက်ခြင်း၊ ယခင်လူမျိုးခြားများနှင့် စီးပွားရေးသမားများပိုင် စီးပွားရေးလုပ်ငန်းများ ပြည်သူပိုင်အသိမ်းခံရခြင်းအတွက် ခံစားချက်နှင့်လှုံ့ဆော်မှုများ၊ ပုဂ္ဂလိကစီးပွားရေးကိုအားမပေးဘဲ ဆိုရှယ်လစ်စီးပွားရေးကို တည်ဆောက်ခဲ့သည့်ခံစားချက်များ၊ ဆိုရှယ်လစ်စီးပွားရေးကာကွယ်စောင့်ရှောက်ရေးဥပဒေဖြင့် အရေးယူခံခဲ့ရမှုများကြောင့် မကျေနပ်ချက်များလည်းရှိခဲ့ကြောင်း၊ စီးပွားရေးအရှုံးပေါ်မှုများ၊ တိုင်းရင်းသား လက်နက်ကိုင်ပဋိပက္ခများလည်းရှိခဲ့ကြောင်း၊ ငြိမ်းချမ်းရေးဖိတ်ခေါ်မှုများရှိခဲ့သော်လည်း စောဟန်သာမွေးဦးဆောင်သည့် KNC အဖွဲ့တစ်ဖွဲ့ဖြင့်သာ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း၊ လက်နက်ကိုင်ပဋိပက္ခများဖြေရှင်းရန် ကာကွယ်ရေးဘတ်ဂျက် များစွာသုံးစွဲခဲ့ရပြီး တိုင်းပြည်ဖွံ့ဖြိုးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မှုအားနည်းခဲ့ကြောင်း။

၁၉၈၈ ခုနှစ်နောက်ပိုင်း တပ်မတော်အစိုးရ တက်လာ

ခဲ့ပြီး ပြည်သူလူထု၏ဆန္ဒနှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်သွားနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကိုကျင့်သုံးနိုင်ရေး ကိုက်ညီသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးဆောင်ရွက်ခဲ့ရကြောင်း၊ တိုင်းရင်းသားပြည်သူလူထုနှင့် အလွှာပေါင်းစုံမှအစုအဖွဲ့များပါဝင်သော အမျိုးသားညီလာခံ၌ အခြေအတင်ဆွေးနွေးပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ၂၀၀၈ ခုနှစ်၌ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဖြင့် အတည်ပြုနိုင်ခဲ့ကြောင်း။

ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့သွားနိုင်ရေးအတွက် ဈေးကွက်စီးပွားရေးစနစ်ကိုပုံဖော်ရာတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများကို မြေတောင်မြှောက်ပေးခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံရေးအရနှင့် စီးပွားရေးအရ သဘောထားကွဲလွဲမှုများရှိကြောင်း၊ မည်သို့ပင် သဘောထားကွဲလွဲမှုများရှိစေကာမူ တပ်မတော်အနေဖြင့် ပြည်သူလူထုလိုလားသော စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကိုမရရအောင်ဖော်ဆောင်ခဲ့ကြောင်း၊ ၁၉၅၈ ခုနှစ်၊ ၁၉၆၂ ခုနှစ်၊ ၁၉၈၈ ခုနှစ်တို့တွင်ဖြစ်ပေါ်ခဲ့သည်များကို မိမိတို့အနေဖြင့်သမိုင်းသင်ခန်းစာယူ၍ တိုင်းပြည်ကောင်းအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

တိုင်းရင်းသားတို့၏အရေးနှင့်ပတ်သက်၍ မိမိတို့မြန်မာနိုင်ငံသည် ယခင်ကဘုရင်စနစ်ဖြင့်သွားခဲ့ပြီး နိုင်ငံတော်၏ နယ်မြေအားလုံးသည် ဘုရင်အပေါ် သစ္စာခံရကြောင်း၊ နယ်မြေဒေသအလိုက် အကြီးအကဲများကို ဘုရင်ကအသိအမှတ်ပြုပေးရကြောင်း၊ အချုပ်အခြာအာဏာပိုင်တည်တံ့ခိုင်မြဲသည့် ရေမြေပိုင်နက်နယ်နိမိတ်နှင့် ခိုင်မာသည့်သမိုင်းကြောင်းရှိသည့် နိုင်ငံဖြစ်ခဲ့ကြောင်း၊ ထို့နောက် ကိုလိုနီခေတ်တွင် တောင်တန်းပြည်မ ဆင်းရဲချမ်းသာကွာခြားချက်များ၊ သွားလာရေးခက်ခဲမှုများ၊ ဖွံ့ဖြိုးမှုကွာခြားမှုတို့ကိုအကြောင်းပြု၍ သွေးခွဲအုပ်ချုပ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ၁၈၂၄ ခုနှစ်တွင် ကိုလိုနီတို့က ရခိုင်ကိုစတင်အုပ်ချုပ်ခဲ့ပြီးနောက် တနင်္သာရီကိုအုပ်ချုပ်ခဲ့ကြောင်း၊ တိုက်ရိုက်အုပ်ချုပ်ခဲ့ခြင်းမဟုတ်ဘဲ တစ်ဆင့်ခံအုပ်ချုပ်စေခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈၅၂ ခုနှစ်တွင် မြန်မာနိုင်ငံအလယ်ပိုင်းပါခဲ့ပြီး အုပ်ချုပ်မှုပုံစံပြောင်းလာခဲ့ကြောင်း၊ ထို့နောက် ၁၈၈၆ ခုနှစ် တစ်နိုင်ငံလုံး ကိုလိုနီလက်အောက်ရောက်ခဲ့ရချိန်တွင် အုပ်ချုပ်မှုပုံစံတစ်မျိုးဖြင့် ထပ်မံအုပ်ချုပ်ခဲ့ကြောင်း၊ ထိုကဲ့သို့ အုပ်ချုပ်မှုပုံစံအမျိုးမျိုးဖြင့် ခွဲခြားအုပ်ချုပ်ခဲ့ချိန်မှစ၍ မိမိတို့ပြည်ထောင်စုတိုင်းရင်းသားတို့၏ စိတ်အတွင်း၌ တိုင်းရင်းသားနယ်မြေများသည် ပြည်မမှ သီးခြားဖြစ်သည်ဟူသည့် အယူအဆများပေါ်ပေါက်လာခဲ့ကြောင်း၊ တိုင်းပြည်ကို ယခုအချိန်အထိ အန္တရာယ်ပေးခဲ့သည့်အချက်တစ်ချက်လည်းဖြစ်ကြောင်း။

ထို့ကြောင့် မိမိအနေဖြင့် တပ်မတော်က တာဝန်ယူသည့်အချိန်တွင် နိုင်ငံသားအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူပေါင်းစည်းနေထိုင်ရေးကို အဓိကဆောင်ရွက်လျက်ရှိကြောင်း၊ ဗမာလူမျိုးအများဆုံးဖြစ်သည်ဆိုသော်လည်း အဓိကတိုင်းရင်းသားရှစ်မျိုး၊ တိုင်းရင်းသားမျိုးကွဲ ၁၃၅ မျိုးရှိကြောင်း၊ လူဦးရေအရေအတွက်မျိုးစုံရှိကြောင်း၊ အချို့သည်သိန်းဂဏန်း၊ သောင်းဂဏန်း၊ ထောင်ဂဏန်းသာရှိသည့် တိုင်းရင်းသားများလည်းရှိကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်သည်သာ အကောင်းဆုံးနည်းလမ်းဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ကို လေ့လာကြည့်ပါက ဖက်ဒရယ်ဟုသုံးစွဲထားခြင်းမရှိသော်လည်း ဖက်ဒရယ်၏လုပ်ထုံးလုပ်နည်းများပါပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ကျေးလက်ကိုအခြေခံပြီး ကျေးလက်ကိုပေါင်းစည်း၍ မြို့နယ်၊ မြို့နယ်မှ ခရိုင်၊ ခရိုင်မှ တိုင်းဒေသကြီးနှင့် ပြည်နယ်ဖြစ်လာပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုဖြစ်လာကြောင်း၊ ထိုအတွင်းမှ တူညီသည့် တိုင်းရင်းသားများ များပြားသည့်ဒေသများ၌ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ တိုင်းများအဖြစ် ဖွဲ့စည်းဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း။

ဒီမိုကရေစီ ပထမအကြိမ် ရွေးကောက်ပွဲတွင် ဦးသိန်းစိန်ဦးဆောင်သည့် ဒီမိုကရေစီအစိုးရတစ်ရပ်တက်လာခဲ့ပြီး တပ်မတော်အနေဖြင့် လက်တွဲညီညီ ကြိုးပမ်းဆောင်ရွက်ခဲ့ကြောင်း၊ မိမိအနေဖြင့် ပါတီစုံလမ်းကြောင်းနှင့် ဖက်ဒရယ်စနစ်ကို မသွား၍မရသည်ကို ခံယူထားပြီး တိုင်းရင်းသားအရေးကို အလေးထားရမည်ဟုလက်ခံထားကြောင်း၊ တပ်မတော်သားဘဝဖြတ်သန်းမှု အတွေ့အကြုံများအရ တိုင်းရင်းသားတို့၏ လူမှုဘဝမြှင့်တင်ရေးနှင့် စည်းလုံးညီညွတ်မှုမပြိုကွဲရေးအတွက် တိုင်းရင်းသားအရေးကို ဦးစားပေးဆောင်ရွက်ရမည်ကို သိရှိထားပြီးဖြစ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အတိုင်းသွားခဲ့ပြီး တက်လာသည့် အစိုးရနှင့်လက်တွဲ

ညီညီဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ခဲ့ကြောင်း။

**ရိုးသားသည့် ဒီမိုကရေစီစနစ်ဖြစ်ရန်လိုသည်**

ထိုသို့ဆောင်ရွက်လျက်ရှိစဉ် မိမိတို့သည် ဒီမိုကရေစီစနစ် နုနယ်နေသေးသဖြင့် ရိုးသားသည့် ဒီမိုကရေစီစနစ်ဖြစ်ရန်လိုအပ်သည်။ တပ်မတော်အနေဖြင့် ရိုးသားသည့် ဒီမိုကရေစီစနစ်ကိုသာလိုလားသည်ဟု မိမိအနေဖြင့် ပြောကြားခဲ့ကြောင်း၊ တပ်မတော်သည် ပြည်သူကြားမှ ပေါက်ဖွားလာသည့် တိုင်းပြည်နှင့်ပြည်သူ၏အစိတ်အပိုင်းသာဖြစ်သဖြင့် ပြည်သူတို့လိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်မာအောင်လျှောက်လှမ်းနိုင်ရေး ဦးတည်ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနောက်ပိုင်းတွင် နိုင်ငံရေးအရအသုံးချ၍ မရိုးမသားဆောင်ရွက်မှုများကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်တို့တွင် အသုံးချခြင်းများ လုပ်ဆောင်လာခဲ့သည်ကို တွေ့ခဲ့ရကြောင်း၊ အုပ်ချုပ်ရေးပိုင်း၊ စီးပွားရေးပိုင်းတို့တွင် အားနည်းချက်များဖြစ်ပေါ်ခဲ့ပြီး ယဉ်ကျေးမှုပိုင်းဆိုင်ရာတွင်လည်း မြန်မာ့ထုံးတမ်းစဉ်လာနှင့် မကိုက်ညီသည့် ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ကာ စည်းလုံးညီညွတ်မှုများ ပျက်ပြားခဲ့ရကြောင်း၊ ထို့နောက် ရွေးကောက်ပွဲနှင့်ပတ်သက်၍ လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲဖြစ်ရန် လိုအပ်သည်ဟုပြောကြားခဲ့သော်လည်း ရွေးကောက်ပွဲတွင် မရိုးမသားသည့်နည်းလမ်းများဖြင့် အနိုင်ရရှိရေး ဆောင်ရွက်ခဲ့သည်ကိုတွေ့ရှိရကြောင်း၊ မဲစာရင်းကွဲလွဲမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်မှပြောကြားခဲ့သော်လည်း ဆောင်ရွက်ပေးခြင်းမရှိသဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဝင်ရောက်ထိန်းသိမ်းဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်း၊ အကြိမ်ကြိမ်အခါခါ အမုန်းခံ၍ တိုင်းပြည်ကိုကာကွယ်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့ခြင်းသည် နိုင်ငံတော်လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်း ခိုင်မာရေးအတွက်သာဖြစ်ပြီး ထိုလမ်းကြောင်းပေါ်မှ သွေဖယ်စေမည်မဟုတ်ကြောင်း၊ ထို့ကြောင့် တိုင်းပြည်တည်ငြိမ်ရေးကို ဆောင်ရွက်ရာတွင် ဥပဒေနှင့်အညီသာ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေကြောင်း၊ ယခင်ကဖြစ်ပေါ်ခဲ့သည့် အာဃာတများမဖြစ်ပေါ်စေရေးကို သင်ခန်းစာယူဆောင်ရွက်နေခြင်းသာဖြစ်ပြီး နာကြည်းချက်များကို သားစဉ်မြေးဆက်အထိမပါစေရေးအတွက် သည်းခံစိတ်မွေး၍ သွေးထွက်သံယိုမှုအနည်းဆုံးဖြင့် ထိန်းသိမ်းနေခြင်းဖြစ်ကြောင်း၊ ပဋိပက္ခဖြေရှင်းရေးအတွက် တာဝန်ရှိသူများအနေဖြင့်လည်း မှန်မှန်ကန်ကန် ထိထိရောက်ရောက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ မိမိတာဝန်ယူရသည့် အဖွဲ့အစည်းများကို တာဝန်ယူကြပ်မတ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

**ပါတီစုံဒီမိုကရေစီစနစ်နှင့် ဖက်ဒရယ်ကိုအခြေခံသည့် ပြည်ထောင်စုစနစ်ကို ခိုင်မာစွာအာမခံ**

တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီ လမ်းကြောင်း ခိုင်မာရေးကိုသာ အဓိကဆောင်ရွက်လျက်ရှိကြောင်း၊ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်က ဦးစီးဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် တပ်မတော်သားများအနေဖြင့် နားလည်သဘောပေါက်ရန်လိုကြောင်း၊ ဒီမိုကရေစီဆိုသည်မှာ ရွေးကောက်တင်မြှောက်ခံရသူတို့က ဥပဒေနှင့်အညီ စီမံအုပ်ချုပ်သည့်စနစ်ပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးကိုသွားမည်ဆိုပါက ဒီမိုကရေစီစနစ်ကို နားလည်နိုင်သည့် အရည်အသွေးများရှိရန်လိုကြောင်း၊ ဒီမိုကရေစီတွင် ရွေးကောက်ပွဲသည်အဓိကကျပြီးရွေးကောက်ပွဲနှင့်ပတ်သက်၍မဲစာရင်းသည် သန်းခေါင်စာရင်းကိုအခြေခံပြီး ကောက်ခံရခြင်းဖြစ်ကာ ခေတ်အဆက်ဆက်တွင်လည်း ကျင့်သုံးခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ လူဦးရေတိုးတက်နှုန်းမှာ သုည ဒသမ ၈ ရာခိုင်နှုန်းသာရှိပြီး၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းအရ မဲပေးခွင့်ရှိသူ ၃၄ ဒသမ ၂၉ သန်းကို ၁ ရာခိုင်နှုန်းနှင့်တွက်မည်ဆိုပါက တစ်နှစ် လျှင် ၃ ဒသမ ၄ သိန်းသာ တိုးတက်မှုရှိမည်ဖြစ်ပြီး ၅ နှစ်ဆိုပါက ၁ ဒသမ ၇သန်းရှိမည်ဖြစ်ကာ အလွန်ဆုံး ၂ သန်းသာ လူဦးရေတိုးပွားမှု ရှိရမည်ဖြစ်ကြောင်း၊ သို့သော်လည်း ၂၀၂၀ ပြည့်နှစ်ကောက်ခံရရှိမှု မဲပေးခွင့်ရှိသူမှာ ၃၈ ဒသမ ၂၇ သန်းထိ ရှိနေသည်ကို မဖြစ်နိုင်ဖွယ်ရာ တွေ့ရှိရမည်ဖြစ်ကြောင်း၊ အားနည်းချက်များ များစွာရှိခဲ့ကြောင်း၊ ဒီမိုကရေစီစနစ်ကို လက်တွေ့ကျင့်သုံး အောင်မြင်စေရန် နိုင်ငံသားတို့၏ အသိပညာရေချိန် မြင့်မားရန်လိုကြောင်း၊ ဒီမိုကရေစီ၏

သဘောကိုနားလည်သိရှိရန် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတာဝန်ယူသည့်အချိန်၌ ပညာရေးကို မြှင့်တင်ဆောင်ရွက်ပေးရန်ပြောခဲ့ကြောင်း၊ ပညာတတ်ဖြစ်ရမည်၊ အတွေးအခေါ်မြင့်မားရမည်ဖြစ်ကြောင်း၊ ယခုခေတ်သည် နည်းပညာခေတ်ဖြစ်သဖြင့်နောက်ကျကျန်ရစ်၍ ရနိုင်မည်မဟုတ်ကြောင်း၊ အသိပညာမြင့်မားစေရေးအတွက် မိမိကိုယ်တိုင်စာပေလေ့လာမှုသာမက မိမိတို့၏ သားသမီးများကိုလည်း စာပေ၊ ဗဟုသုတမြင့်မားအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ဖတ်ရှု၊ မှတ်သားလေ့လာပြီး အသိပညာမြင့်မားအောင် ကြိုးစားရမည်ဖြစ်ပြီး အသိပညာမြင့်မားမှသာလျှင် ဒီမိုကရေစီစနစ်နှင့် တိုင်းပြည်၏အနာဂတ်ကိုလည်း အာမခံနိုင်မည်ဖြစ်ကြောင်းဖြင့် မှာကြားပြီး အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် အရာရှိ၊ စစ်သည်၊ မိသားစုများအတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးကလည်းကောင်း၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက တပ်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ ဇနီးကလည်းကောင်း လက်ခံရယူကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊စစ်သည်၊ မိသားစုများအား မကြာမီတွင် မြန်မာ့ရိုးရာနှစ်သစ်သင်္ကြန်ကာလသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း၊ နှစ်သစ်အခါသမယတွင် စိတ်ရောကိုယ်ပါ ကျန်းမာချမ်းသာ အောင်မြင်ပါစေကြောင်း၊ တစ်ဦးချင်း အသိတရား၊ သတိတရားများဖြင့် မိမိနှင့်မိမိတပ်မတော်၊ မိမိတိုင်းပြည်၏ကောင်းရာကောင်းကျိုးကို သယ်ပိုးထမ်းဆောင်နိုင်ပါစေကြောင်းဖြင့် နှစ်သစ်ကူးဆုမွန်ကောင်းစကားပြောကြားသည်။

■ ■ ■

# ရှမ်းပြည်နယ်(မြောက်ပိုင်း) အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် မြို့မိမြို့ဖများအား လားရှိုးမြို့ရှိ မြို့နယ်ခန်းမ၌ ပြောကြားသည့်အမှာစကား

( ၉ - ၄ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၉ ရက် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့်မြို့မိမြို့ဖများအား လားရှိုးမြို့ရှိ မြို့နယ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများတင်ပြ**

ဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးကျော်နှင့် လားရှိုးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်းတို့က ဒေသဆိုင်ရာအချက်အလက်များ၊ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေနှင့် လားရှိုးမြို့ရေဖူလုံစွာရရှိရေး ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေများအား ရှင်းလင်းပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဒေါက်တာညွှန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်းတို့က ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနိုင်မည့်အခြေအနေများအလိုက် ရှင်းလင်းပြောကြားရာတွင် လားရှိုးမြို့ရေရရှိရေးအတွက် စီမံဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ လားရှိုးမြို့တွင် စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စိုက်ပျိုးရေးအတွက် ရေတင်စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်၊ မျိုးကောင်းမျိုးသန့်ရရှိရန်နှင့် စိုက်နည်းစနစ်ရရှိရေးတို့အတွက် ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ လားရှိုးတက္ကသိုလ်တွင် စီးပွားရေးနှင့် ဥပဒေပိုင်းဆိုင်ရာတို့ကို သင်ကြားပေးသွားမည့်အခြေအနေနှင့် ပညာရေးဝန်ထမ်းလိုအပ်ချက်များ

ကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ လားရှိုးမြို့ပြည်သူ့ဆေးရုံကြီးအတွက် အထောက်အကူပြုပစ္စည်းများကိုဖြည့်ဆည်းရေးနှင့်နယ်စပ်ဒေသ ကုန်စည်စီးဆင်းသွားလာမှုများသည့် မြို့ဖြစ်သဖြင့် ကူးစက်ရောဂါများ ကြိုတင်ကာကွယ်ရေးဆိုင်ရာများကို တိုးမြှင့်ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ဒေသခံများ၏ လိုအပ်ချက်များ**

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက လားရှိုးမြို့ပြင်နှင့်မြို့တွင်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်စေရေး အဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုသည့်အခြေအနေ၊ လားရှိုးမြို့ အေဒီချောင်းမှ ရေအားရေအသုံးချမှုနည်းလမ်းများဖြင့် ဆောင်ရွက်ပေးစေလိုသည့်အခြေအနေနှင့် ဂုတ်တွင်းတံတားတည်ဆောက်ပေးစေလိုမှုအခြေအနေများကို တင်ပြကြသည်။

**ဒေသခံများ၏ တင်ပြချက်များအား ဖြေရှင်း**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့်ပတ်သက်၍ ပြောကြားရာတွင် ဒေသခံများ၏ တင်ပြချက်များတွင်ပါဝင်သည့် လမ်းပန်းဆက်သွယ်ရေးအတွက် လမ်းအဆင့်မြှင့်တင်ဆောင်ရွက်ပေးစေလိုခြင်းနှင့်ပတ်သက်၍ မန္တလေး-လားရှိုး-မူဆယ် ပြည်ထောင်စုလမ်းမကြီးသည် နေ့စဉ်ယာဉ်ကြီးယာဉ်ငယ်များစွာ သွားလာအသုံးပြုလျက်ရှိပြီး နိုင်ငံတကာစံညွှန်းများနှင့်အညီ သတ်မှတ်ကာလအလိုက် အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ လားရှိုးမြို့နယ်အတွင်းရှိ ရေအရင်းအမြစ်များကိုအသုံးချ၍ သုံးရေရရှိနိုင်ရေး ဦးစွာဆောင်ရွက်ပြီး သောက်ရေအတွက် ပြန်လည် သန့်စင်နိုင်ရေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဂုတ်တွင်းတံတားတည်ဆောက်ပေးစေလိုမှုနှင့်ပတ်သက်၍ တည်ဆောက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ဒေသခံများအနေဖြင့် လမ်းကောင်းမွန်ရေးအတွက် လမ်းများစနစ်တကျရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်အတွက် စည်ပင်သာယာဝန်ထမ်းများသာမက မြို့နေပြည်သူများကလည်း စည်းကမ်းစနစ်တကျ အမှိုက်စွန့်ပစ်ခြင်း၊ အမှိုက်ကောက်ခြင်းနှင့် မိမိတို့နေအိမ်အလိုက်၊ လမ်းအလိုက်သန့်ရှင်းသပ်ရပ်အောင်နေထိုင်မည်ဆိုပါက မြို့သာယာလှပလာမည်ဖြစ်သဖြင့် စည်းကမ်းစနစ်တကျဖြင့် ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း။

**လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာမှသာလျှင် မိမိဒေသ၊ မိမိတိုင်းပြည် တိုးတက်မည်ဖြစ်သဖြင့် ပညာရေးအားပေးကြရမည်**

ယခုခရီးစဉ်၌ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုကဲ့သို့ တွေ့ဆုံရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အမျိုးသားရေးလုပ်ငန်းစဉ်နှစ်ခုအဖြစ် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံပေါ်များရေးကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းပြည်သာယာ ဝပြောရေးဆိုသည်မှာ တိုင်းသူပြည်သားအားလုံး ဘဝ၌ လုံခြုံပျော်ရွှင်စွာဖြင့် အလုပ်လုပ်ကိုင်နိုင်ရေး၊ တာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေးနှင့် လိုအပ်ချက်များကို တတ်နိုင်သမျှ ပြည့်စုံစေရေးဆောင်ရွက်ပေးခြင်းပင်ဖြစ်ပြီး "အုမတောင့်မှ သီလစောင့်နိုင်မည်" ဆိုသကဲ့သို့ စားရေရိက္ခာဖူလုံပေါ်များရေးကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ်တွင် ထွက်ချက်ခဲ့သည့် ကြားဖြတ်သန်းခေါင်စာရင်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်များများစွာရှိနေသည်ကို တွေ့ရှိရကြောင်း၊ တိုင်းပြည်၏ မြေပေါ်မြေအောက်သယံဇာတများကို ပညာတတ် လူသားအရင်းအမြစ်များဖြင့်အကျိုးရှိရှိအသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ရင်ပေါင်တန်းအမီလိုက်နိုင်ရေးအတွက် ပညာရေးကို မဖြစ်မနေအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာပေပညာသင်ကြားပေးနေခြင်းသည် အစိုးရအတွက်မဟုတ်ဘဲ အစိုးရကနိုင်ငံတော်အတွက် ကိုယ်စားဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ၌ သင်ရိုးညွှန်းတမ်းများကို အစိုးရကပြဋ္ဌာန်းခြင်းမဟုတ်ဘဲ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပညာရှင်များ၊ နိုင်ငံတကာအဖွဲ့အစည်းများက ဆွေးနွေးညှိနှိုင်း တိုင်ပင်ရေးဆွဲပြဋ္ဌာန်းထားခြင်းဖြစ်သည်ကို သိရှိနားလည်ရန်လိုကြောင်း၊ ယခုဆောင်ရွက်နေသည်မှာလည်း ယခင်အစိုးရအဆက်ဆက်ကကျင့်သုံး

**အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိရာတွင် ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျစီမံဆောင်ရွက်ပေးရန်လို။**

ခဲ့သည့် နှစ် ၃၈ ပညာရည် မြှင့်တင်မှုစီမံကိန်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့်ပညာသင်ကြားရေးသည် နိုင်ငံသားအားလုံး၏ ရပိုင်ခွင့်နှင့်တာဝန်သာဖြစ်ပြီး အုပ်ချုပ်သူအစိုးရကို သဘောကျခြင်း၊ မကျခြင်းနှင့် မသက်ဆိုင်သည်ကို နားလည်သဘောပေါက်ရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံတွင် ကျောင်းနေသူရာခိုင်နှုန်းနှင့် စာတတ်မြောက်သူရာခိုင်နှုန်း နည်းပါးလျက်ရှိသဖြင့် ပညာရေးကို အားပေးကြရန်လိုအပ်မည်ဖြစ်ပြီး အသိပညာ၊ အတတ်ပညာရှင်များ ပေါ်ထွက်လာမှသာလျှင် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပိုမိုလုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့၏မျိုးဆက်သစ်လူငယ်လူရွယ်များကို ကောင်းမွန်သည့် စာပေပညာအမွေအနှစ်များ ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှ အခြေခံပညာများ၊ တက္ကသိုလ်ပညာများ သင်ကြားပေးနေခြင်းသည် မိမိတို့တစ်ဦးချင်းစီ၏ ရှေ့ဆက်ရမည့်ဘဝခရီးတွင် မိမိခြေထောက်ပေါ် မိမိရပ်တည်နိုင်ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပင်ဖြစ်သည့်အတွက် အခွင့်အရေးကိုရရှိအောင် ယူကြစေလိုကြောင်း၊ အတတ်ပညာရပ်များသည် အတန်းပညာတတ်မှသာလျှင် သင်ကြားတတ်မြောက်နိုင်မည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးအတတ်ပညာရပ်များကို သင်ကြားမည်ဆိုပါက အနည်းဆုံး အခြေခံပညာအလယ်တန်းအဆင့် ရှိရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်း အသိပညာတိုးပွားစေရေးအတွက်လည်း စာပေဖတ်ရှုလေ့လာနေကြရန်လိုအပ်ပြီးပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း။

**ဒေသတွင်းသယံဇာတများကို အကျိုးရှိရှိအသုံးချနိုင်ရေး ကြိုးစားကြရန်လို**

ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်လာပါက ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများသည်လည်း မရှိမဖြစ်လိုအပ်လာကြောင်း၊ ယခင်ကလည်း မိမိအနေဖြင့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဘိလပ်မြေထုတ်လုပ်ရေးလုပ်ငန်းများလုပ်ဆောင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်သည်ဟု ပြောကြားခဲ့ကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) ဒေသတွင် သံရိုင်း၊ ကျောက်မီးသွေး၊ ထုံးကျောက်သယံဇာတများ များစွာရှိသည့်အတွက် စီးပွားရေးလုပ်ငန်းရှင်ဒေသခံများအနေဖြင့် သံမဏိလုပ်ငန်း၊ ဘိလပ်မြေလုပ်ငန်းများလုပ်ဆောင်ရန် စိတ်ဝင်စားမှုရှိပါက လုပ်ဆောင်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

အလားတူ ရှမ်းပြည်နယ်အနေဖြင့် လျှပ်စစ်ဓာတ်အားထုတ်ယူသုံးစွဲနိုင်မည့် အရင်းအမြစ်များစွာရှိကြောင်း၊ ဒေသတွင်းထုတ်ကုန်များမြင့်မားရေး၊ စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအားပင်ဖြစ်သည့်အတွက် ဒေသတွင်းလျှပ်စစ်ဖူလုံရေး၊ သဘာဝအရင်းအမြစ်များမှ လျှပ်စစ်စွမ်းအား ထုတ်ယူနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ရှမ်းပြည်နယ်အတွင်း ရေအားလျှပ်စစ်စီမံကိန်းများ လုပ်ဆောင်လျက်ရှိပြီး ပြီးစီးပါက လျှပ်စစ်မီးဖူလုံစွာသုံးစွဲနိုင်မည်ဖြစ်ကြောင်း။

ထို့ပြင် မြေသယံဇာတများစွာ ရှိပြီးဖြစ်သည့်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုအောင်မြင်စွာ လုပ်ဆောင်နိုင်မည့်အခြေအနေရှိပြီးဖြစ်ကြောင်း၊ သယံဇာတများကို အကျိုးရှိရှိအသုံးချနိုင်ရေး တိုက်တွန်းလိုကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်လုပ်ဆောင်ကြစေလိုကြောင်း၊ အတန်းပညာ၊ အတတ်ပညာကိုအခြေခံပြီး ဆောင်ရွက်မှသာ တိုးတက်မှုရှိနိုင်မည်ဖြစ်ကြောင်း။

**လူ့အသက်ထက်အရေးကြီးသည်မှာ မည်သည့်အရာမျှမရှိသည့်အတွက် ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျစီမံဖော်ဆောင်**

အသိပညာ၊ အတတ်ပညာနှင့်ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများကို မွေးထုတ်ပေးနိုင်ရေး ဆောင်

ရွက်လျက်ရှိရာတွင် ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်ဖြစ်သဖြင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို စနစ်တကျစီမံဆောင်ရွက် ပေးရန်လိုကြောင်း၊ မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ် ပေါ်ခဲ့သည့်ကာလအတွင်း လူ့အသက်ထက်အရေးကြီး သည်မှာ မည်သည့်အရာမှမရှိဟုခံယူလျက် ကျန်းမာရေး ဝန်ထမ်းအခက်အခဲ၊ ကာကွယ်ကုသထိန်းချုပ်ရေး ဆေးဝါး များ၊ ပစ္စည်းများ စသည့်အခက်အခဲပေါင်းစုံကြားမှ ကြံ့ကြံ့ခံ ဆောင်ရွက်ခဲ့ရပြီး ပြည်သူတို့အတွက် ကျန်းမာရေးစောင့် ရှောက်မှုကို အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးနိုင်ခဲ့ ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးရရှိရန်နှင့် ကာကွယ်ဆေးထိုးနှံမှုများကို မဖြစ်ဖြစ်သည့်နည်းလမ်း များဖြင့်လုပ်ဆောင်ပေးခဲ့ပြီး ပညာရေးပိုင်းနောက်ကျခဲ့မှု မရှိရအောင်လည်း အခက်အခဲများကြားမှ ကျောင်းများ ကို ပြန်လည်ဖွင့်လှစ်၍ စာပေသင်ကြားပေးနိုင်ရေး စီမံ ဆောင်ရွက်ခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှု ရာနှုန်းပြည့် ပြီးစီးစေရေးအတွက် ကျန်းမာရေးဝန်ထမ်းများသာမက အခြားဌာနဆိုင်ရာဝန်ထမ်းများ၊ ပြည်သူများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးရန်လိုကြောင်း။

**ကလေးငယ်များ၏ အားလပ်ရက်များကို အကျိုးရှိရှိ အသုံးချပြီး ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ဆောင်ရွက်**

သင်္ကြန်ပိတ်ရက်ကာလ ကိုယ်ပိုင်အချိန်များအတွင်း လာရောက်တွေ့ဆုံရသည့်အတွက် မိမိအနေဖြင့် အားနာ မိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် ဆွေးနွေးပြောကြား ရန်နှင့် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အတွက် မဖြစ်မနေဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ပိတ်ရက်ကာလကို အကျိုးရှိရှိအသုံးချစေလိုကြောင်း၊ မိမိ တို့၏ ကလေးငယ်များကိုလည်း ကျောင်းပိတ်ရက်အတွင်း အကျိုးရှိစွာဖြင့် အသုံးချနိုင်ရေး စီမံဆောင်ရွက်ပေးစေ လိုပြီး ယဉ်ကျေးလိမ္မာ စာပေဗဟုသုတများကို သင်ကြား ပေးစေလိုကြောင်း၊ ယဉ်ကျေးသည့်လူမှုအသိုင်း အဝိုင်း နှင့်မြန်မာတို့၏ ဘာသာရေးကိုင်းရှိုင်းမှု စသည့် အစဉ်အလာ ကောင်းများကို ပြန်လည်ဖော်ဆောင်ပေးပြီး ရုပ်ပိုင်းစိတ် ပိုင်းဆိုင်ရာ မြှင့်တင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြော ကြားသည်။

■ ■ ■

# သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၉ - ၄ - ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဧပြီလ ၉ ရက် နံနက်ပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)သိန်းနီမြို့ရှိ သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ ကြီးကျယ်ခမ်းနားထည်ဝါသည့်ဟော်နန်းတော် (ဟော်ခမ်းသျှမ်းဝီ) ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

## ရိုးရာအိုးစည်အကဖြင့် လှိုက်လှဲစွာကြိုဆို

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟော်နန်းတည်ဆောက်ရေးလုပ်ငန်းခွင်နေရာသို့ ရောက်ရှိကြရာ သိန်းနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်ဒေသခံပြည်သူများက ရှမ်းရိုးရာအိုးစည်အကများဖြင့် လှိုက်လှဲစွာကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဟော်နန်းပုံစံငယ်များကို ကြည့်ရှုရာ ဟော်နန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်း တာဝန်ခံ မြို့မိမြို့ဖ ဦးစိုင်းဝင်းခိုင်၊ မနန်းလောင်ခေးနှင့် စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်မျိုးသန့်တို့က လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ၊ ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့်

အခြေအနေများကိုရှင်းလင်းတင်ပြကြသည်။

**မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဟော်နန်းပြန်လည်တည်ဆောက်ရာတွင် သမိုင်းအထောက်အထားများကို လေ့လာ၍ အနီးစပ်ဆုံးတူညီအောင် ကြိုးစားတည်ဆောက်ကြစေလိုကြောင်း၊ အဆောက်အဦပိုင်းပြီးစီးပါက အတွင်းပိုင်း၌ ထားရှိရမည့် ဓာတ်ပုံမှတ်တမ်းများ၊ မှတ်တမ်းစာအုပ်များ၊ သမိုင်းဝင်ရှေးဟောင်းပစ္စည်းများနှင့် အခြားအတွင်းပိုင်းအပြင်အဆင်ပစ္စည်းများကိုလည်း ကြိုတင်ဒီဇိုင်းရေးဆွဲ၍ နေရာတကျထားရှိနိုင်ရေး ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မိုင်းပွန်ဟော်နန်းအဆောက်အဦကြီးနှင့် ကျိုင်းတုံနယ်ရှင်စော်ဘွားကြီးစဝ်ကွန် ကျောက်အင်းထလှဲန်၏ကျိုင်းတုံဟော်နန်းကြီးတို့ကိုလည်း ဆွေတော်မျိုးတော်တို့နှင့် ဒေသခံများ၏ဆန္ဒအရ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့ပြီး မိုင်းပွန်ဟော်နန်းကြီးသည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်နေ့တွင် ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်းနှင့် ကျိုင်းတုံဟော်နန်းကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကိုလည်း ယခုနှစ်ဖေဖော်ဝါရီလ၁၇ ရက်မှစ၍ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ သမိုင်းဝင်အဆောက်အဦများ၊ ဘာသာရေးအဆောက်အဦများကို မူလပုံစံမပျက်ပြန်လည်ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းဖြင့် မိမိတို့နိုင်ငံ၊ မိမိတို့ဒေသ၏ သမိုင်းအစဉ်အလာကြီးမားမှုကို ဖော်ပြနိုင်မည်ဖြစ်ကြောင်းနှင့် ဒေသခံများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ဟော်နန်းပြန်လည်တည်ဆောက်ရေးနှင့်ပတ်သက်၍ နိုင်ငံတကာတွင်လည်း ၎င်းတို့နိုင်ငံ၏သမိုင်းဝင်အဆောက်အဦများ၊ အမွေအနှစ်များကို ပြန်လည်ဖော်ထုတ်တည်ဆောက်ခြင်း၊ မွမ်းမံခြင်းများပြုလုပ်၍ နောင်လာနောက်သားများ လေ့လာနိုင်ရန်၊ သမိုင်းကိုသိရှိစေရန် ပြတိုက်များ၊ လေ့လာရန်အထိမ်းအမှတ် နေရာများအဖြစ် ပြုလုပ်ထားရှိကြသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ဟော်နန်းတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

> အဆိုပါသိန်းနီဟော်နန်းကို
> အေဒီ ၁၉၁၀ ပြည့်နှစ် သက္ကရာဇ် ၁၂၇၂ ခုနှစ်တွင်
> ဒသမမ္မရာဇာနိကြောဓ မဟာမင်းခေါင်ဘွဲ့တော်ရ
> သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းက
> ကြီးကျယ်ခမ်းနားထည်ဝါသည့် ဟော်နန်း
> အသစ်ကြီးအဖြစ်တည်ဆောက်ခဲ့ခြင်းဖြစ်၊
> ကျွန်းသားအစစ်များဖြင့် မန္တလေးနန်းတော်ပုံစံ
> အတိုင်းဆောက်လုပ်ထားပြီး အဆောက်အဦကြီး
> တစ်ခုထဲတွင် တစ်ခုနှင့်တစ်ခု ဆက်သွယ်ထား
> သော အဆောက်အဦများစွာပါဝင်သည့် ပုံစံဖြစ်၊
> အလယ်တည့်တည့်တွင် ညီလာခံ
> ခန်းမကြီးတစ်ခုနှင့် မြေပေါက်ပလ္လင်တော်
> တစ်ခုလည်းပါရှိ။

**သမိုင်းဝင်မြို့ကျက်သရေဆောင် သိန်းနီဟော်နန်းကြီးအား ပြန်လည်တည်ဆောက်ပေးသည့်အတွက် အထူးကျေးဇူးတင်ရှိ**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဟော်နန်းပရိဝုဏ်အတွင်းရှိ ယဉ်ကျေးမှုပြခန်းအတွင်း၌ သိန်းနီမြို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့မိမြို့ဖများအားတွေ့ဆုံရာ မြို့မိ၊ မြို့ဖ ဦးစိုင်းမျိုးညွန့်က ယခုကဲ့သို့ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့သမိုင်းဝင်ကျက်သရေဆောင် သိန်းနီဟော်နန်းကြီးအား ပြန်လည်တည်ဆောက်ရာတွင် ဦးစီးဆောင်ရွက်ပေးခဲ့သည့်အတွက် အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ မကြာမီပြီးစီးတော့မည့် သိန်းနီဟော်နန်းကြီးသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါကြောင်းနှင့် ဟော်နန်းကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဒေသခံများအားလုံးဝိုင်းဝန်း၍ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားပြီး ဒေသခံ

များက ဒေသရေရရှိရေးအတွက် လိုအပ်ချက်များကို တင်ပြကြသည်။

**သိန်းနီဒေသ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ မှာကြားဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က သိန်းနီဟော်နန်းကြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကူညီဆောင်ရွက်ပေးနိုင်ရေး လာရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ သိန်းနီမြို့သည် စီးပွားရေးအရ အချက်အချာကျသည့်မြို့တစ်မြို့ဖြစ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်ပေးနိုင်ရေး စဉ်းစားခဲ့ရာတွင် ဦးစွာယဉ်ကျေးမှုအစဉ်အလာများကို ဖော်ထုတ်လျက် ဒေသဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ရွက်နိုင်မည်ဟု လေ့လာတွေ့ရှိခဲ့ကြောင်း၊ ထို့ကြောင့် သိန်းနီဟော်နန်းကြီးကို ပြန်လည်တည်ဆောက်ပေးနိုင်ရေး စဉ်းစားဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လူပုဂ္ဂိုလ်တစ်ဦးချင်းတိုးတက်မှသာလျှင် ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ မြို့နယ်မှစ၍ ဒေသတစ်ခုလုံးလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံများက အဓိကကြိုးစားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာများဖြင့်ပြည့်စုံသည့် ပညာတတ်လူသားအရင်းအမြစ်များ လိုအပ်မည်ဖြစ်သဖြင့် ပညာရေးကိုအားပေးဆောင်ရွက်ကြစေလိုကြောင်း၊ အစိုးရအနေဖြင့် နိုင်ငံသားတိုင်း ပညာသင်ကြားနိုင်ရေးအတွက် ဆောင်ရွက်ပေးထားပြီးဖြစ်သော်လည်း ကျောင်းတက်၍ စာပေပညာသင်ကြားကြမှသာလျှင် စာပေတတ်မြောက်ကြမည်ဖြစ်ကြောင်း၊ ပညာတတ်မှသာလျှင် ဒေသ၏ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ ပညာရေးနောက်ကျကျန်ရစ်ခဲ့ခြင်း မရှိစေရန်နှင့် ကျောင်းသား၊ ကျောင်းသူတို့၏ တစ်နှစ်တာအချိန် မနစ်နာစေရေးအတွက် ကိုဗစ်-၁၉ ဖြစ်ပေါ်နေသည့်ကြားကပင် စာသင်ကျောင်းများကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် အခြေခံပညာ ပညာရေး၏ စာသင်နှစ်ပြီးဆုံးပြီဖြစ်ပြီး နောင်လာမည့်နှစ် စာသင်နှစ်၌ ပညာရေး အရှိန်အဟုန်မြှင့်တင်ရန် ကြိုတင်ပြင်ဆင်ထားကြစေလိုကြောင်း၊ တစ်ဦးချင်းစီ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးမှသည် ဒေသအကျိုးအတွက် တိုက်တွန်းပြောကြားခြင်းသာဖြစ်ကြောင်း။

ဒေသဖွံ့ဖြိုးရေးအတွက် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ပြီး ဒေသ၏ရေခံမြေခံကောင်းများကို အကျိုးရှိရှိ အသုံးချနိုင်ရမည်ဖြစ်ကြောင်း၊ ဒေသတွင်း တန်ဖိုးမြင့်ထုတ်ကုန်၊ ထွက်ကုန်များထွက်ရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြစေလိုပြီး လိုအပ်သည့် စိုက်ပျိုးမွေးမြူရေးအသိပညာနှင့် အရင်းအနှီးများကို အစိုးရမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားပြီး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍ အဆင့်မြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများနှင့် သိန်းနီဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်မည့်အခြေအနေများကို အကျယ်တဝင့် ဆွေးနွေးပြောကြားသည်။

အဆိုပါသိန်းနီဟော်နန်းကို အေဒီ ၁၉၁၀ ပြည့်နှစ် သက္ကရာဇ် ၁၂၇၂ ခုနှစ်တွင် ဒသဓမ္မရာဇာနိဂြောဓာ မဟာမင်းခေါင်ဘွဲ့တော်ရ သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်းက ကြီးကျယ်ခမ်းနားထည်ဝါသည့် ဟော်နန်းအသစ်ကြီး အဖြစ်တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ကျွန်းသားအစစ်များဖြင့် မန္တလေးနန်းတော်ပုံစံအတိုင်း ဆောက်လုပ်ထားပြီး အဆောက်အဦကြီးတစ်ခုထဲတွင် တစ်ခုနှင့်တစ်ခု ဆက်သွယ်ထားသော အဆောက်အဦများစွာပါဝင်သည့် ပုံစံဖြစ်ကြောင်း၊ အလယ်တည့်တည့်တွင် ညီလာခံခန်းမကြီး တစ်ခုနှင့် မြေပေါက်ပလ္လင်တော်တစ်ခုလည်းပါရှိကြောင်း၊ စော်ဘွားကြီးသည် နှလုံးလေဟပ်သည့်ရောဂါဖြင့် နန်းတက်ကာလ ၃၃ နှစ်၊ အေဒီ ၁၉၁၆ ခုနှစ်၊ သက္ကရာဇ် ၁၂၇၇ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်၊ အင်္ဂါနေ့ ညသန်းခေါင်ကျော်နံနက် ၁ နာရီတွင် နတ်ရွာစံကံတော်ကုန်ခဲ့ကြောင်း၊ အေဒီ ၁၉၃၇ ခုနှစ်၊ သက္ကရာဇ် ၁၂၉၉ ခုနှစ်တွင် ဂျပန်လေတပ်များက ရှမ်းပြည်နယ်(မြောက်ပိုင်း)တစ်ခွင်လုံးကို ဗုံးကြဲတိုက်ခိုက်မှုများပြုလုပ်ခဲ့ပြီး အေဒီ ၁၉၄၀ ပြည့်နှစ်တွင် သိန်းနီကို ဂျပန်တို့ကအပြီးအပိုင်သိမ်းပိုက်ခဲ့ကြောင်း၊ အေဒီ ၁၉၄၄ ခုနှစ်တွင် အမေရိကန်စစ်လေယာဉ်များသည် သိန်းနီ-နမ္မတူ ချောင်းကူးတံတားကို ဗုံးကြဲဖျက်ဆီးခဲ့ပြီး သိန်းနီမြို့ကိုလည်း ဗုံးများကြဲချတိုက်ခိုက်ခဲ့ကြောင်း၊ ထိုသို့ ဗုံးများကြဲချတိုက်ခိုက်ခြင်းကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်ခဲ့ပြီး သမိုင်းတွင်ထင်ရှားခဲ့သည့် သိန်းနီစော်ဘွားကြီး ခွန်ဆန်တုန်ဟုန်း၏ဟော်နန်းကြီးသည်လည်း မြေခပျက်စီးဆုံးရှုံးခဲ့ရကြောင်း၊ ထို့နောက် တပ်မတော်ကာကွယ်ရေး

ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၅ရက်တွင်ဟော်နန်းပြန်လည်တည်ဆောက်ရေးလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ဟော်နန်းအဆောက်အဦသစ်ကို မူလအဆောက်အဦဟောင်းမြေနေရာ၏ လက်ဝဲဘက် ၆၃ ပေအကွာ၌ ဆောက်လုပ်လျက်ရှိပြီး လက်ရှိအချိန်တွင် ပြီးစီးမှုရာခိုင်နှုန်း ၇၀ ခန့်ပြီးစီးပြီဖြစ်ကြောင်းနှင့်ပြီးစီးပါက ဟော်နန်းပြတိုက်အဖြစ် ထားရှိ၍ ဒေသအတွင်း သမိုင်းဝင်လေ့လာစရာနေရာနှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆောင်ရွက်သွားမည် ဖြစ်သည်။

■ ■ ■

# ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များနှင့်တွေ့ဆုံစဉ် ပြောကြားသည့်အမှာစကား

## ( ၁၀ - ၄ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ရှိ ကော်ဖီလုပ်ငန်းရှင်များအား တပ်မတော်ဧည့်ဂေဟာ၊ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ ကော်ဖီစိုက်ပျိုးမှုဆိုင်ရာများကို ဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကော်ဖီလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

**ပြင်ဦးလွင်ဒေသ၌ ကော်ဖီစီမံကိန်းဖြစ်ပေါ်လာမှု၊ စိုက်ပျိုးမြေအသုံးချထားရှိမှုနှင့် မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်လျက်ရှိမှု**

ဦးစွာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက နိုင်ငံတကာကော်ဖီဈေးကွက်အခြေအနေများ၊ ကော်ဖီစိုက်ပျိုးရေးနည်းပညာနှင့်စိုက်ပျိုးမှုရေိယာတိုးချဲ့လုပ်ဆောင်ပေးနိုင်မည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။ ထို့နောက်စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့် သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်တို့က ပြင်ဦးလွင်မြို့နယ်အတွင်း၌ ကော်ဖီစီမံကိန်းဖြစ်ပေါ်လာမှုအခြေအနေများ၊ မြို့မြေ၊ မြေလွတ်မြေရိုင်းဧရိယာအတွင်းနှင့် သစ်တောဧရိယာများ၌ ကော်ဖီစိုက်ပျိုးထားရှိမှုအခြေအနေများ၊ စီမံကိန်းများချထားပေးမှုအပေါ် မြေအသုံးချဆောင်ရွက်ထားရှိမှု မြေပြင်ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် စိုက်ပျိုးမြေများကို အခြားနည်းဖြင့် အသုံးချထားရှိမှုများကို တွေ့ရှိရသည့်အခြေအနေများ၊ စိုက်ပျိုးမြေစည်းမျဉ်းသတ်မှတ်ချက်များအား လိုက်နာမှုမရှိပါက စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို လုပ်ငန်းရှင်များသို့အကြောင်းကြားထားရှိသည့်အခြေအနေများ၊ ကော်ဖီစိုက်ပျိုးနည်းသင်တန်းများဖွင့်လှစ်ပို့ချပေးလျက်ရှိသည့် အခြေအနေများ၊ မျိုးစေ့နှင့်ပျိုးပင်များကို ဖြန့်ဖြူးပေးလျက်ရှိသည့်

အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လိုအပ်သည်များကို အစိုးရမှဦးစီးဆောင်ရွက်ပေးနိုင်ရေး တင်ပြဆွေးနွေး**

ယင်းနောက် တက်ရောက်လာကြသည့် ကော်ဖီလုပ်ငန်းရှင်များက ကော်ဖီစိုက်ပျိုးရေးစီမံကိန်းကို ဖော်ဆောင်ရာတွင် အစိုးရတာဝန်ရှိသူများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ ကော်ဖီလုပ်ငန်းရှင်များအားလုံး ညီညီညွတ်ညွတ်ဖြင့် လုပ်ငန်းအောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ ကော်ဖီစီမံကိန်းများ စတင်ဆောင်ရွက်ပေးခဲ့စဉ် လုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် မြန်မာ့ဈေးကွက်နှင့် ကမ္ဘာ့ဈေးကွက်ချိတ်ဆက်ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသည့်အတွက် ကော်ဖီလုပ်ငန်းရှင်များ ထိခိုက်နစ်နာခဲ့ရသည့်အခြေအနေများ၊ မြန်မာနိုင်ငံကော်ဖီလုပ်ငန်းရှင်များအသင်းကို ဖွဲ့စည်း၍ နိုင်ငံတကာကော်ဖီဈေးကွက်ကို ထိုးဖောက်နိုင်ရေးဆောင်ရွက်ခဲ့ပြီး လက်ရှိတွင် ကော်ဖီသည် အလားအလာကောင်းသည့် ဈေးကွက်ရရှိလာပြီဖြစ်သည့်အခြေအနေများ၊ ကော်ဖီလုပ်ငန်းအောင်မြင်စွာဖြစ်ပေါ်လာရေး၊ မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးအတွက် အစိုးရအဖွဲ့မှတာဝန်ရှိသူများမှဦးဆောင်၍ လုပ်ငန်းရှင်များအားလုံး ကြိုးပမ်းဆောင်ရွက်ရန်လိုသည့် အခြေအနေများ၊ အစိုးရမှခွင့်ပြုပေးထားသည့် စိုက်ပျိုးမြေဧရိယာများအတွင်း တရားမဲ့ဝင်ရောက်နေထိုင်ခြင်း၊ ရာသီသီးနှံများစိုက်ပျိုးခြင်းတို့ကြောင့် ကော်ဖီလုပ်ငန်းရှင်များ၏ ထိခိုက်နစ်နာနေရမှုများကို ဖြေရှင်းဆောင်ရွက်ပေးစေလိုသည့် အခြေအနေများကိုတင်ပြကြပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကိုက တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် ကော်ဖီလုပ်ငန်းအောင်မြင်စေရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆောင်ရွက်ခဲ့သည့်အခြေအနေများနှင့် ပတ်သက်၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

**တင်ပြချက်များအပေါ် လမ်းညွှန်မှာကြားဖြေရှင်းဆောင်ရွက်ပေး**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တင်ပြချက်များတွင်ပါဝင်သည့် မြို့မြေ၊ မြေလွတ်မြေရိုင်းဧရိယာအတွင်းနှင့် သစ်တောဧရိယာများ၌ ကော်ဖီစိုက်ပျိုးရန် လုပ်ပိုင်ခွင့်ပေးထားမှုများကို အခြားနည်းလမ်းများဖြင့် အသုံးချထားရှိမှုများ၊ စိုက်ပျိုးခြင်းမရှိမှုများသည် အမှန်တကယ် လုပ်ငန်းဆောင်ရွက်နေသူများကို ထိခိုက်နစ်နာစေနိုင်သဖြင့် သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရန် နိုင်ငံတော်မှ ခွင့်ပြုချက်ပေးထားသည့် မြေဧရိယာများဖြစ်သည့်အတွက် အခြားနည်းများဖြင့် အသုံးချဆောင်ရွက်နေမှုများကို လက်ခံ၍ရနိုင်မည်မဟုတ်ဘဲ စည်းမျဉ်းစည်းကမ်းနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ စိုက်ပျိုးမြေအတွင်း အဆောက်အဦဆောက်လုပ်ခွင့်များနှင့်ပတ်သက်၍ လုပ်ငန်းအတွက်လိုအပ်သည့် အထောက်အကူဖြစ်စေနိုင်သည့် အဆောက်အဦဆောက်လုပ်ခွင့်များကို ခေတ်ကာလနှင့် လျော်ညီသည့်အဆောက်အဦများ ခွင့်ပြုပေးနိုင်ရေး ပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ဖြေရှင်းဆောင်ရွက်ပေးသည်။

**မြန်မာ့ကော်ဖီ (Myanmar Coffee) ကိုကမ္ဘာ့ဈေးကွက်တွင် အခိုင်အမာ နေရာတစ်ခု ရရှိစေရေး၊ အစိုးရ၊ လုပ်ငန်းရှင်များ လက်တွဲညီညီဆောင်ရွက်မည်**

ဆက်လက်ပြောကြားရာတွင် ယခင်တပ်မတော်အစိုးရလက်ထက်မှစ၍ ကော်ဖီစိုက်ပျိုးမှုစီမံကိန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ ကမ္ဘာပေါ်တွင်လည်း ကော်ဖီစိုက်ပျိုးမှုလုပ်ငန်းများကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ယခင်က ဥရောပနိုင်ငံများတွင်သာ ကော်ဖီစိုက်ပျိုးမှုနှင့် သောက်သုံးမှုများပြားခဲ့သော်လည်း လက်ရှိအချိန်တွင် အာရှနိုင်ငံများ၌လည်း အဓိကထားစိုက်ပျိုးသောက်သုံးလာကြသည်ကိုတွေ့ရှိရကြောင်း၊ ပြင်ဦးလွင်ကော်ဖီသည် ယခင်ကတည်းကပင် အနံ့အရသာနှင့်ပြည့်စုံပြီး နာမည်ရရှိပြီးဖြစ်သည့် ကော်ဖီအမျိုးအစားတစ်ခုဖြစ်ကြောင်း၊ ကော်ဖီစိုက်ပျိုးရာတွင် အရိပ်ရနှင့်အရိပ်မဲ့စိုက်ပျိုးမှုဟူ၍ရှိပြီး မိမိတို့နိုင်ငံ၌ ရာသီဥတုပြောင်းလဲလာမှုကို ထိန်းသိမ်းနိုင်ရန်နှင့် သစ်တောသစ်ပင် စိမ်းလန်းစေရေးအတွက် ရည်ရွယ်၍ အရိပ်ရကော်ဖီစိုက်ပျိုးရန် ပြင်ဦးလွင်မြို့နယ်၌ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ခြင်း ဖြစ်ကြောင်း။

ထိုသို့မြေဧရိယာများချမှတ်ပေးခဲ့ရာတွင် အမှန်တကယ်

**နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပြီး ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊ နိုင်ငံတော်၏စီးပွားရေး ကောင်းမွန်မှုကိုဖြစ်ပေါ်စေရန် နိုင်ငံနှင့်အဝန်းဆောင်ရွက်ပေးလျက်ရှိ။**

အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်များ ရှိသကဲ့သို့ လုပ်ငန်းဆောင်ရွက်မှု မရှိသည်များလည်းရှိကြောင်း၊ ထို ကဲ့သို့ လုပ်ငန်းဆောင်ရွက်မှု မရှိသည်များကို စည်းကမ်း နှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး လုပ်ငန်းဆောင်ရွက် ခြင်းရှိသော်လည်း တရားမဲ့နေထိုင်မှုများ၊ သဘာဝဘေး အန္တရာယ်များကြောင့် ထိခိုက်နစ်နာပျက်စီးခဲ့မှုများကို ပြန်လည်စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ကျူးကျော်မှုများဖြစ်ပေါ်ခြင်းသည် သတ်မှတ်ကာလအတွင်း စိုက်ပျိုးဧရိယာအတွင်း၌ လုပ်ငန်း ဆောင်ရွက်မှုမရှိခဲ့ခြင်း ကြောင့်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း မှန်မှန် ကန်ကန် အသုံးချဆောင်ရွက်ရန်လိုကြောင်း၊ စည်းကမ်း နှင့်မညီညွတ်သည့် ခွင့်ပြုမြေဧရိယာများကို ပြန်လည် သိမ်းဆည်းပြီး နောက်ပိုင်းတွင်လည်း စနစ်တကျ စိုက်ပျိုး နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ကော်ဖီစီမံကိန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည် မြောင်းဝန်ကြီးဌာနက တာဝန်ယူ၍ အောင်မြင်မှုရှိအောင် ကိုင်တွယ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဦးစီး ဌာနများ အနေဖြင့် လုပ်ငန်းများတစ်ခုနှင့်တစ်ခုဆက်စပ်၍ မူဝါဒ များ ချမှတ်အကောင်အထည်ဖော်ခြင်း၊ ကြီးကြပ်ကွပ်ကဲ ခြင်းများကို ဆောင်ရွက်ရသည်ဖြစ်သဖြင့် ရုံးလုပ်ငန်း ဆိုင်ရာများကိုစနစ်တကျလုပ်ဆောင်ကြရမည်ဖြစ်ကြောင်း။

ကော်ဖီစိုက်ပျိုးမှုနှင့်ပတ်သက်၍ သာမာန်စိုက်ပျိုး မှုဖြင့် ကျေနပ်နေ၍မရဘဲ စနစ်ကျနသည့် စိုက်ပျိုးမှုစနစ် ရှိရမည်ဖြစ်သကဲ့သို့ လိုအပ်သည့်သွင်းအားစုများကိုလည်း မှန်မှန်ကန်ကန် ထည့်သွင်းရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက် ပေးမှသာလျှင် အရည်အသွေးကောင်းမွန်သည့် ကော်ဖီ ရရှိမည်ဖြစ်ပြီး ကော်ဖီထုတ်ကုန်များ ဈေးကွက်ရရှိရေး နှင့် အရည်အသွေးမြင့်ထုတ်ကုန်ဖြစ်စေရေး အစိုးရက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လိုအပ် သည့် အရင်းအနှီးများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာန များမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် အမှန် တကယ် အောင်မြင်ပြီး မြန်မာ့ကော်ဖီ (Myanmar Coffee Brand) ကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း။

ကော်ဖီစိုက်ပျိုးမှုတွင် Robusta နှင့် Arabica ကော်ဖီ မျိုးဟူ၍ရှိကြောင်း၊ ကော်ဖီစိုက်ပျိုးခြင်းလုပ်ငန်းသည် အရင်းအနှီးများ၍ ကာလရှည်လုပ်ငန်းဖြစ်သည့်အတွက် အောင်မြင်အောင်လုပ်ဆောင်ရမည်ဖြစ်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်များကို အမြဲမပြတ်လေ့လာနေရန်လို ကြောင်း၊ အထွက်နှုန်းကောင်းမွန်ရန်၊ Quality Product ဖြစ်ရန်၊ ဈေးကွက်ရရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုပ်ငန်း ဆောင်ရွက်မှုကို အနှောင့်အယှက်ပေးနေမှုများနှင့် ဒေသ လုံခြုံရေးကို ထိခိုက်ပျက်စီးစေရေးလုပ်ဆောင်နေမှုများ ကို လက်ခံ၍ရမည်မဟုတ်ဘဲ ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်ငန်းရှင်များနှင့် ဒေသခံများအားလုံး လက်တွဲညီညီ ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊

နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် စိုက်ပျိုး မွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင် ဆောင်ရွက် လျက်ရှိပြီး ဒေသထုတ်ကုန်၊ ထွက်ကုန်များကို ပြည်တွင်း၊ ပြည်ပ ဈေးကွက်အတွင်း အဆင့်မြင့်ထုတ်ကုန်အဖြစ် ထုတ်လုပ်ရောင်းချ၍ ဒေသခံပြည်သူများ၏ လူမှုစီးပွား ဘဝဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ စီးပွားရေးကောင်းမွန်မှုကို ဖြစ်ပေါ်စေရန် နိုင်ငံနှင့်အဝန်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခင် အပတ်ကပင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နောင်တရား မြို့နယ်၌ လက်ဖက်အချိုခြောက်နှင့် သစ်သီးအခြောက်ခံ

စက်ရုံကို ဖွင့်လှစ်ဆောင်ရွက်ပေးခဲ့ပြီး ဒေသအတွင်းအလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးတက်ရရှိလာစေရန်၊ တောင်သူများ၏ လူမှုစီးပွားဘဝပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထိုကဲ့သို့ရရှိလာသည့်အကျိုးကျေးဇူးများမှတစ်ဆင့်နိုင်ငံတော်သာယာဝပြောရေး၊ စားရေရိက္ခာပေါများဖူလုံရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ၏ အခန်းကဏ္ဍနှင့် ပုဂ္ဂလိကအခန်းကဏ္ဍဟူ၍ရှိပြီး အစိုးရကလိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်သဖြင့် လုပ်ငန်းရှင်များအနေဖြင့်လည်း လုပ်ငန်းများ အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း။

**မိမိမြို့၊ မိမိဒေသအတွက် မိမိတို့ကိုယ်တိုင် ကြိုးစားရမည်ဟူသည့်စိတ်ဖြင့် ဆောင်ရွက်ကြစေလို**

ပြင်ဦးလွင်ဒေသနှင့်ပတ်သက်၍ ပြင်ဦးလွင်မြို့သည် အေးမြပြီး သစ်ပင်ပန်းမန်များဖြင့် ရောင်စုံလှပသည့် မြို့တစ်မြို့ဖြစ်သည်နှင့်အညီ ဥတုသုံးပါးလုံး၌ လာရောက်အပန်းဖြေသည့် ပြည်တွင်း၊ ပြည်ပမှ ဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း၊ အိမ်သာ၍ ဧည့်လာခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသသို့လာရောက်သည့် ခရီးသွားများအနေဖြင့် ကော်ဖီခြံများသို့ လာရောက်လေ့လာလည်ပတ်စေခြင်းဖြင့်လည်း ဒေသ၏ခရီးသွားလုပ်ငန်းကိုမြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ခရီးသွားလုပ်ငန်းတိုးတက်လာခြင်းသည် ဒေသခံများ၏ လူမှုစီးပွားဘဝကိုမြှင့်တင်ပေးနိုင်မည်ဖြစ်သဖြင့် ဒေသ၏သန့်ရှင်းသာယာလှပရေးကို ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများအားလုံး စည်းလုံးညီညွတ်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြစေလိုပြီး သန့်ရှင်းသပ်ရပ်၍ မျက်စိပသာဒဖြစ်သည့် နေချင့်စဖွယ်မြို့တော်ဖြစ်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ မိမိမြို့၊ မိမိဒေသအတွက် မိမိတို့ကိုယ်တိုင်ကြိုးစားဆောင်ရွက်မည်ဟူသည့်စိတ်ဖြင့် စည်းကမ်းတကျဆောင်ရွက်ကြစေလိုကြောင်း၊ စည်းကမ်းတွင်တိုက်တွန်းချက်စည်းကမ်းနှင့် တားမြစ်ချက်စည်းကမ်းဟူ၍ရှိပြီး ဒေသခံများအနေဖြင့် စည်းကမ်းစနစ်တကျရှိစေရေး တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့ဒေသ၏ ရှေးယခင်ကတည်းကပင် ရှိခဲ့သည့် ကောင်းမွန်သည့် နာမည်ဂုဏ်သတင်းကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများကိုလည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး ပြင်ဦးလွင်မြို့၏ နိုင်ငံတကာကသိရှိထားသည့် ကောင်းမွန်သည့် နောက်ခံသမိုင်းကြောင်းများ ဆက်လက်ထိန်းသိမ်းရမည်ဖြစ်ကြောင်း၊ ဒေသခံများနှင့် ဒေသသို့လာရောက်ကြသူများအားလုံး စည်းကမ်းစနစ်တကျရှိမည်ဆိုပါက ဒေသသာယာလှပရေးကို အမြဲမပြတ်ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်သဖြင့် ဒေသ၌ နေထိုင်သူများက စံနမူနာပြဖြင့် စည်းကမ်းစနစ်တကျ နေထိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ပြောကြားသည့် မြန်မာနှစ်သစ်ကူး နှုတ်ခွန်းဆက်မင်္ဂလာစကား

( ၁၇ - ၄ - ၂၀၂၂ )



နှစ်ဟောင်းကနေ နှစ်သစ်ကိုကူးတဲ့ ဒီလိုအချိန်ခါမှာ ပြည်ထောင်စုအတွင်းမှာရှိတဲ့ တိုင်းရင်းသားပြည်သူ ညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ၊ ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်ခင်ဗျား။

ဖြတ်သန်းခဲ့တဲ့ တစ်နှစ်တာကာလအတွင်း ပြန်ကြည့်မယ်ဆိုရင် ကိုဗစ်–၁၉ ကပ်ရောဂါ ဖြစ်ပွားလာခဲ့တဲ့ စိန်ခေါ်မှုအခက်အခဲတွေ၊ ပါတီစုံဒီမိုကရေစီလျှောက်လှမ်းမှုမှာ ရိုးသားတဲ့ဒီမိုကရေစီအစား ရည်ရွယ်ချက်ရှိရှိ ဖောက်ဖျက်ကျူးလွန်မှုတွေကြောင့် ဖြစ်ပေါ်လာတဲ့ နိုင်ငံရေးအကျပ်အတည်းများကို ကျော်ဖြတ်ခဲ့ရပါတယ်။

ကိုဗစ်–၁၉ ကပ်ရောဂါကို မိဘပြည်သူတွေနဲ့ ပူးပေါင်းပြီး ကျွန်တော်တို့ကျော်လွှားနိုင်လိမ့်မယ်လို့ ကျွန်တော်ယုံကြည်ကြောင်း မနှစ်က နှစ်သစ်ကူးဆုတောင်းစကားမှာ ထည့်ပြောခဲ့ပါတယ်။ ၂၀၂၁ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် ကိုဗစ်–၁၉ ကပ်ရောဂါဖြစ်ပွားမှု အဆိုးရွားဆုံးဖြစ်ပွားခဲ့ရပြီး အခက်အခဲပေါင်းများစွာအတွင်းကနေ ကျော်လွှားနိုင်ခဲ့ပါပြီ။ သို့သော်လည်း အိမ်နီးချင်းနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာ ဖြစ်ပွားမှုနှုန်းမြင့်မားနေဆဲဖြစ်ပြီး ကမ္ဘာမှာလုံးဝကင်းစင်ပြီလို့ မပြောနိုင်

သေးတဲ့အတွက် ကျွန်တော်တို့တစ်တွေ ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးအတွက် လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများ အပြည့်အဝလိုက်နာမှု လိုအပ်ပါကြောင်း ပြောလိုပါတယ်။

ဒီနှစ်ဟာ စိန်ရတုလွတ်လပ်ရေးနေ့ရဲ့ အကြိုနှစ်ဖြစ်ပါတယ်။ ဒါကြောင့် လွတ်လပ်ရေးရဲ့ အသီးအပွင့်များ၊ ဒီမိုကရေစီအုပ်ချုပ်ရေးရဲ့အနှစ်သာရများ အပြည့်အဝခံစားရစေဖို့ ကျွန်တော်တို့အားလုံး အစွမ်းကုန်ကြိုးစားကြရပါဦးမယ်။ ဒါကြောင့် ဒီနှစ်ကို ငြိမ်းချမ်းရေးနှစ်လို့ သတ်မှတ်ပြီး တစ်နိုင်ငံလုံးငြိမ်းချမ်းသာယာမှုရှိစေရေး အစွမ်းကုန်ကြိုးစားနေပါတယ်။

ကျွန်တော့်ရဲ့ အမျိုးသားရေး ရည်မှန်းချက် ၂ ခုရှိပါတယ် -

၁။ နိုင်ငံတော်ကြီး သာယာဝပြောရေး

၂။ တိုင်းပြည် စားရေရိက္ခာပေါများရေးတို့ဖြစ်ပါတယ်။

ပြည်ထောင်စုကြီးတစ်ခုလုံး အေးချမ်းသာယာစွာနဲ့ လူတိုင်းလူတိုင်း ကိုယ်စိတ်ချမ်းသာစွာနဲ့ လုပ်ကိုင်စားသောက်နိုင်ပြီး နိုင်ငံတကာနဲ့ ရင်ပေါင်တန်းနိုင်ရပါမယ်။

မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များ အသုံးချပြီး တိုင်းသူပြည်သားအားလုံးအတွက် စားရေရိက္ခာမပူမပင် မကြောင့်မကြပြည့်စုံနေအောင် ဆောင်ရွက်ရေးပဲဖြစ်ပါတယ်။

တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲရှိပါတယ်။ ပြည်သူလူထုရဲ့စွမ်းအားနဲ့ အကောင်းဆုံးဖြစ်အောင် ကျွန်တော်ကြိုးစားသွားပါမယ်။ အောင်မြင်မယ်လို့လည်း အပြည့်အဝယုံကြည်ပါတယ်။

ယခုလို ၁၃၈၄ ခုနှစ် ကျက်သရေမင်္ဂလာရှိတဲ့ နှစ်သစ်ဦးအချိန်ကာလသမယမှာ ကျွန်တော်တို့ ဖြတ်သန်းလာခဲ့ရတဲ့ နှစ်ဟောင်းတွေက အားနည်းချက်တွေကို ပြုပြင်၊ အားသာချက်တွေကို ဆင်ခြင်သုံးသပ်မြှင့်တင်ပြီး နိုင်ငံတော်နဲ့ နိုင်ငံသားတို့အတွက် ပေးဆပ်သယ်ပိုးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများအားလုံး ကျန်းမာရွှင်လန်းစွာဖြင့် ဒီနှစ်သစ်မှာ ကျွန်တော်တို့နဲ့အတူ ပြည်ထောင်စုအကျိုးကို လက်တွဲဆောင်ရွက်နိုင်ကြပါစေလို့ ဆုတောင်းလိုက်ရပါတယ်။

အားလုံး ကျန်းမာရွှင်လန်းကြပါစေခင်ဗျာ။

■ ■ ■

# ပြင်ဦးလွင်မြို့ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် Governor House ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၈ – ၄ – ၂၀၂၂ )



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဧပြီလ ၁၈ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့၊ အမျိုးသားကန်တော်ကြီးဥယျာဉ်နှင့် ဘုရင်ခံအိမ်တော် (Governor House) ထိန်းသိမ်းထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာများအား ရှင်းလင်းတင်ပြ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဥယျာဉ်ရှင်းလင်းဆောင်ခန်းမတွင် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းနိုင်တို့က အမျိုးသားကန်တော်ကြီးဥယျာဉ်ဆိုင်ရာအချက်အလက်များ၊ ဥယျာဉ်အတွင်းရှိ ရေကန်များ၌ သစ်ပင်သစ်တောများပြုန်းတီးခြင်းကြောင့် ရေအရင်းအမြစ်များ အားနည်းလာခြင်း၊ သဘာဝရေထွက်များမှ ရေထွက်ရှိမှုမရှိခြင်း၊ ဒေသတွင်းအပူချိန်နှုန်းထားမြင့်

မားလာခြင်း၊ ရေဝင်ပေါက်များမှ ရေဝင်ရောက်မှု အားနည်းခြင်းနှင့်အခြားအကြောင်းအမျိုးမျိုးကြောင့် ဥယျာဉ်အတွင်းရှိ ရေကန်များတွင် ရေခမ်းခြောက်မှုများ ကြုံတွေ့ခဲ့ရသည့်အခြေအနေများ၊ ထိုသို့ကြုံတွေ့ခဲ့ရမှုကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက် ခရီးစဉ်လမ်းညွှန်ချက်နှင့်အညီ ကန်တော်ကြီး ဥယျာဉ်အတွင်းရှိ ရေကန်များသို့ ရေဝင်ရောက်သည့် ရေဝင်ပေါက်များ၊ စိမ့်စမ်းနေရာများ၊ မြေအောက်ရေနုတ်မြောင်းများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည့်မွမ်းမံပြင်ဆင်မှုများ ရေလမ်းကြောင်းထိန်းသိမ်းမှုများ ဆောင် ရွက်ခဲ့မှုကြောင့် ရေဝင်ပေါက်များမှ ရေများပြန်လည်စီးဝင်လျက်ရှိသည့်အခြေအနေ၊ ဥယျာဉ်သန့်ရှင်းသာယာလှပရေးအတွက် ဥယျာဉ်ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**အဆင့်မီသည့် ဥယျာဉ်ကြီးတစ်ခုအဖြစ်ရှိနေစေရေး ရှိရင်းစွဲနာမည်ကျော်ကြားမှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရမည်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကန်တော်ကြီးသည် ပြင်ဦးလွင်မြို့၏ land mark ဖြစ်ကြောင်း၊ ဥယျာဉ်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်းစားဆောင်ရွက်စေလိုကြောင်း၊ အမျိုးသားဥယျာဉ်ဖြစ်၍ ပန်းခြံသီးသန့်ကိုသာ ထိန်းသိမ်းအဆင့်မြှင့်တင်ခြင်းမဟုတ်ဘဲ ဥယျာဉ်သို့လာရောက်လည်ပတ်သူများကို အဓိကဆွဲဆောင်ထားသည့် ရေကန်များသာယာလှပရန်နှင့် ရေကိုစနစ်တကျထိန်းသိမ်းထားရှိမှသာလျှင် လာရောက်လည်ပတ်သူများကို ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း၊ ရေဝင်ရောက်ရန်နှင့် ရေကိုထိန်းသိမ်းနိုင်ရေးအတွက် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်၍ ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ကန်တော်ကြီးဥယျာဉ်၏ဧရိယာ ၄၃၆ ဧကကျော် တစ်ခုလုံးကို ထိန်းသိမ်းစောင့်ရှောက်ရန်လိုကြောင်း၊ ၂၀၁၉ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ မိုးရွာသွန်းမှုအားနည်းသည်ကို တွေ့ရှိရပြီး ၂၀၂၁ ခုနှစ်တွင် မိုးရွာရက်များခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ်တွင် မိုးရွာသွန်းမှုများပြားမည်ဟု ခန့်မှန်းချက်များအရသိရှိရကြောင်း၊ ယခင်က ပြင်ဦးလွင်မြို့သည် သစ်ပင်သစ်တောများ အလွန်ပေါများပြီး ထင်းသုံးစွဲမှုများပြားခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့် သစ်ပင်သစ်တောများ ပြုန်းတီးမှုများပြားလာကြောင်း၊ ထို့ကြောင့် ယခင်တပ်မတော်အစိုးရလက်ထက်တွင် ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရန်ရည်ရွယ်၍ အရိပ်ရကော်ဖီစိုက်ဧကများစွာကို ပြင်ဦးလွင်မြို့၌ ဆောင်ရွက်ပေးခဲ့ကြောင်း၊ ကော်ဖီခြံနှင့်တွဲလျက် အရိပ်ရသစ်ပင်များဖြင့် ပြန်လည်စိမ်းလန်းစိုပြည်ရေး ရည်ရွယ်ခဲ့သော်လည်း စနစ်တကျစိုက်ပျိုးမှုမရှိခြင်းကြောင့် ရာနှုန်းပြည့်အောင်မြင်ခြင်း မရှိခဲ့ကြောင်း၊ စိုက်ပျိုးရေးခြံများကို အလုပ်ပိတ်စနစ်ဖြင့် ကာရံခြင်းတို့ကြောင့် စိမ့်ရေစီးဆင်းမှုကို အဟန့်အတားဖြစ်စေသည့်အတွက် ရေဝင်ရောက်မှုနည်းပါးလာခြင်း ဖြစ်ကြောင်း။

ပြင်ဦးလွင်ဒေသ စိမ်းလန်းစိုပြည်ရေးနှင့် ကန်တော်ကြီးဥယျာဉ်ရေဝင်ရောက်မှု၊ ရေထိန်းသိမ်းနိုင်မှုတို့ကို ဟန်ပြအနေဖြင့်သာ ဆောင်ရွက်ခြင်းမဖြစ်စေလိုဘဲ စနစ်တကျဖြင့် မှန်မှန်ကန်ကန် ဆောင်ရွက်ကြစေလိုကြောင်း၊ ပြင်ဦးလွင်မြို့ကို တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ပန်းမြို့တော်အဖြစ် ဆောင်ရွက်လျက်ရှိသည့်အတွက် ကန်တော်ကြီးဥယျာဉ်အတွင်း၌လည်း စနစ်တကျဖြင့် သန့်ရှင်းသာယာလှပမှုရှိအောင် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကိုဗစ် - ၁၉ ရောဂါဖြစ်ပွားမှုကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်နိုင်ခဲ့ပြီး လိုအပ်သည်များကို ဖြေလျှော့ပေးပြီးဖြစ်သည့်အတွက် ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်ရာတွင် အဆင့်မီသည့် ဥယျာဉ်ကြီးတစ်ခုအဖြစ်ရှိနေစေရေး ဆောင်ရွက်ထားရန်လိုကြောင်း၊ နဂိုရှိရင်းစွဲ နာမည်ကျော်ကြားမှုကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဥယျာဉ်ကို လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသည့် ကုမ္ပဏီမှ သန့်ရှင်းသာယာလှပရေးအပိုင်းနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို ကြိုးပမ်းဆောင်ရွက်ရန်လိုပြီး အစိုးရတာဝန်ရှိသူများနှင့်လည်း လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး ရေဝေရေလဲဧရိယာနေရာများနှင့် ဥယျာဉ်အတွင်း ရေဝင်ရေထွက်နှင့် လေဝင်လေထွက်

ကောင်းမွန်စေရေး အောက်ခြေရှင်းလင်းခြင်းများနှင့် အလင်းဖွင့်ခြင်းများ လုပ်ဆောင်ပေးရန်နှင့်လိုအပ်ပါက တတ်ကျွမ်းသည့်ပညာရှင်များဖြင့် တိုင်ပင်လုပ်ဆောင်ကြရန်လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကို မှာကြားခဲ့သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကန်တော်လေးရေထိန်း တံခါးပြုလုပ်ဆောင်ရွက်ထားရှိသည့်နေရာသို့ ရောက်ရှိစစ်ဆေးခဲ့ကာ လိုအပ်သည်များမှာကြားသည်။

အဆိုပါ အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်းရှိ ရေကန်များသို့ယခင်နှစ်ပိုင်းက ရေဝင်ရောက်မှုများ နည်းပါးနေသည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ၂၀၂၁ ခုနှစ် စက်တင်ဘာလနှင့် ဒီဇင်ဘာလအတွင်း ပြင်ဦးလွင်မြို့သို့ လာရောက်သည့် ခရီးစဉ်များတွင် ကန်တော်ကြီး ရေကန်များ၏ ရေဝေရေလဲကောင်းမွန်စေရေးနှင့် ရေဝင်ရောက်မှုများပြားစေရေးအတွက် ဥယျာဉ်တော်အတွင်းနှင့် ရေဝေရေလဲဧရိယာအတွင်းရှိ ညောင်နီရေထွက်အပါအဝင် သဘာဝရေထွက်များအား လိုက်လံကြည့်ရှုလမ်းညွှန်မှာကြားချက်အရ သက်ဆိုင်ရာဌာနများမှ ပြုပြင်ထိန်းသိမ်းမှုများဆောင်ရွက်ခဲ့ရာ ကန်တော်ကြီးအတွင်း ရေဝင်ရောက်မှုမှာ ယခင်နှစ်စစ်ဆေးစဉ် ရေလျှောင်ကန်အတွင်း ကန်ရေအနက်ပေ ၁၆ ပေသာ ရှိခဲ့ရာမှ ယခုအခါတွင် ပေ ၂၀ သို့ ရောက်ရှိလာပြီဖြစ်ကြောင်းနှင့် ဧပြီ ၁၇ ရက်နေ့ တိုင်းတာချက်များအရ ကန်အမှတ် ၁ တွင် ရေပြည့်အမှတ် ၆ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၆ ဒသမ ၅ ပေ၊ ကန်အမှတ် ၂ တွင် ရေပြည့်အမှတ် ၇ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၇ ပေ၊ ကန်အမှတ် ၃ တွင် ရေပြည့်အမှတ် ၁၁ ပေ ရှိသည့်အနက် လက်ရှိရေအမှတ် ၇ ဒသမ ၄ ပေ၊ ကန်အမှတ် ၄ တွင် ရေပြည့်အမှတ် ၃၂ ပေရှိသည့်အနက် လက်ရှိရေအမှတ် ၂၀ ပေရှိကြောင်းသိရှိရပြီး ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင်ခံအိမ်တော် (Governor House) သို့ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ယင်းနောက် ဘုရင်ခံအိမ်တော် (Governor House) ပတ်ဝန်းကျင်အား လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး စနစ်တကျရှိရန်နှင့် မျက်စိပသာဒဖြစ်ရန် လိုအပ်သည့်အခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူများကိုမှာကြားခဲ့သည်။

■ ■ ■

# မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့၊ နိုင်ငံတော်အစိုးရဧည့်ဂေဟာရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား တွေ့ဆုံဆွေးနွေးစဉ် ပြောကြားသည့်အမှာစကား

( ၁၈ - ၄ - ၂၀၂၂ )




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဧပြီလ ၁၈ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများအား ပြင်ဦးလွင်မြို့ နိုင်ငံတော်အစိုးရ ဧည့်ဂေဟာရှိ အစည်းအဝေးခန်းမ၌တွေ့ဆုံ၍ မြို့ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွန်းဦး၊ ဦးခင်မောင်ရီ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ မြို့တော်ဝန် ဦးကျော်ဆန်း၊ ပြင်ဦးလွင်ခရိုင်မှ ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

**ဒေသဆိုင်ရာအချက်အလက်များနှင့်အထွေထွေလိုအပ်ချက်များကိုတင်ပြ**

ဦးစွာ ပြင်ဦးလွင်ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းက ပြင်ဦးလွင်ဒေသအတွင်း ကော်ဖီစိုက်ပျိုးဆောင်ရွက်မှုအခြေအနေများ၊ ပညာရေး၊ ကျန်းမာရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ပြည်တွင်းပြည်ပမှခရီးသွားများ လာရောက်လည်ပတ်မှုအခြေအနေများ၊ ပြင်ဦးလွင်မြို့ရှိ ရှေးဟောင်းသမိုင်းဝင်အဆောက်အဦများကို ထိန်းသိမ်း၍ ခရီးသွားဧည့်သည်များ လာရောက်လေ့လာနိုင်

ရေး ဆောင်ရွက်ထားရှိသည့် အခြေအနေများနှင့် အထွေထွေ လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

**ပြင်ဦးလွင်မြို့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာန အလိုက်နှင့် တိုင်းဒေသကြီးအစိုးရအဆင့် ဆောင်ရွက်လျက် ရှိမှု**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဦးတင်ထွဋ်ဦး၊ ဦးခင်မောင်ရီတို့က သက်ဆိုင်ရာဝန်ကြီး ဌာနအလိုက် ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း များ ဆောင်ရွက်နေမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြား ရာ၌ မန္တလေး-ပြင်ဦးလွင်-ဂုတ်ထိပ် ရထားခရီးစဉ်ပြေး ဆွဲဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ ရေနွေးငွေ့စက် ခေါင်းသုံး ရထားခရီးစဉ်များပြေးဆွဲပေးနိုင်ရေး လုပ်ဆောင် လျက်ရှိသည့်အခြေအနေ၊ ဂုတ်ထိပ်တံတားပြုပြင်ထိန်းသိမ်း ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ပြင်ဦးလွင် ဘူတာကြီးကို ရှေးမူလက်ရာမပြတ် ဆောင်ရွက်လျက်ရှိ သည့်အခြေအနေ၊ အနီးစခန်းလေဆိပ်အဆင့်မြှင့်တင်ရေး အတွက် အကြိုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အခြေ အနေ၊ ဆက်သွယ်မှုမြန်ဆန်ကောင်းမွန်ရေးအတွက် အစီ အစဉ်တစ်ရပ်အနေဖြင့် ဆောင်ရွက်လျက်ရှိသည့်အခြေ အနေ၊ ပြင်ဦးလွင်ဒေသအတွင်းရှိ ကော်ဖီခြံများ စည်းစနစ် တကျရှိစေရေးအတွက် နိုင်ငံတော်အကြီးအကဲ၏ လမ်း ညွှန်ချက်နှင့်အညီ ဆောင်ရွက်လျက်ရှိပြီး အထွက်ကောင်း မျိုးများနှင့် နည်းပညာများကို ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေ၊ ပြည်တွင်း၊ ပြည်ပကော်ဖီဈေးကွက်ရရှိမှု အခြေအနေ၊ ချယ်ရီမြို့တော်အဖြစ် ဆောင်ရွက်နိုင်ရေး အတွက် ချယ်ရီပျိုးပင်များဆောင်ရွက်ပြီးစီးမှုနှင့် ယခု နှစ်မိုးရာသီတွင် စိုက်ပျိုးနိုင်ရေးဆောင်ရွက် ထားရှိသည့် အခြေအနေ၊ ချယ်ရီပင်များနှင့် သစ်မာပင်များ စိုက်ပျိုးမှု ကို ငါးနှစ်စီမံချက်အဖြစ် ရေးဆွဲဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ စိုက်ပျိုးရေးလုပ်ငန်းများအနေဖြင့် သတ်မှတ် ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်းသာ စိုက်ပျိုး မှုရှိစေရေး၊ အဆောက်အဦများကို သတ်မှတ်ချက်အတိုင်း ဆောက်လုပ်ရေးတို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာန များမှ ညှိနှိုင်းတိုင်ပင်ဆောင်ရွက်လျက်ရှိသည့် အခြေ အနေများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြပြောကြားကြ ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် မြို့တော်ဝန်တို့က ပြင်ဦးလွင်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက် သွယ်ကောင်းမွန်စေရေး လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုအခြေအနေ၊ အမျိုးသားကန်တော် ကြီးဥယျာဉ်အတွင်း ရေထိန်းသိမ်းနိုင်ရေး ရေလှောင်ကန် တူးဖော်ခြင်း၊ ရေထိန်းတံခါးဆောင်ရွက်ပေးခြင်းလုပ်ငန်း များကို ဆောင်ရွက်လျက်ရှိသည့်အခြေ အနေ၊ မြို့တွင်း လမ်းများချဲ့ထွင်ခြင်း၊ ကတ္တရာအဆင့်မြှင့်တင်ခင်းကျင်း ခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေ၊ ဂဲလောင်ချောင်းအတွင်း ရေစစ်ကန် ဆောင်ရွက်ပေးလျက် ရှိသည့်အခြေအနေများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ပြင်ဦးလွင် မြို့နယ်အတွင်းလာရောက်သည့် ခရီးစဉ်အတွင်း လမ်းညွှန် မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

**ကော်ဖီလုပ်ငန်းရှင်များ၏ တင်ပြချက်များအား ဖြေရှင်း ဆောင်ရွက်**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ် ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သကြ်န် မတိုင်မီက ကော်ဖီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး ခဲ့ပြီး ဆွေးနွေးချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန်နှင့် လိုအပ်ချက်များ ဆောင်ရွက်ပေးရန်၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည်များကို အဆုံးအဖြတ် ပေးနိုင်ရန်တို့အတွက် ယခုကဲ့သို့ဝန်ကြီးများ၊ ပြင်ဦးလွင် မြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ထပ်မံတွေ့ဆုံခြင်းပင် ဖြစ်ကြောင်း၊ ကော်ဖီလုပ်ငန်းရှင်များအနေဖြင့် ကော်ဖီ စိုက်ပျိုးနိုင်ရေး ၎င်းတို့ကိုယ်တိုင် နိုင်ငံပိုင်မြေရေိယာများ လျှောက်ထားခြင်းဖြစ်ပြီး နိုင်ငံတော်ကခွင့်ပြုပေးခြင်းဖြစ် သည့်အတွက် သတ်မှတ်စည်းမျဉ်းစည်းကမ်းအတိုင်းသာ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းအတိုင်းသာ အကောင်အထည်ဖော် ဆောင်ရွက်ကြမည်ဆိုပါက ပြင်ဦးလွင်ဒေသသည် ကော်ဖီ အထွက်နှုန်း မြင့်မားမည်ဖြစ်ကာ သစ်ပင်သစ်တောလည်း ဖုံးလွှမ်းမည်ဖြစ်ပြီး ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်လာ မည်မဟုတ်ကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာဝန်ကြီးဌာန များ၊ ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် စည်းမျဉ်းစည်းကမ်းနှင့်အညီသာ ဆက်လက်ဆောင်ရွက် သွားရန်လိုကြောင်း၊ ဒေသ၏ ဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်း

စိုပြည်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက် ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများက စည်းကမ်း၊ ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ကြရန်တာဝန်ရှိမည်ဖြစ်ကြောင်း၊ တင်ပြချက်များတွင်ပါဝင်သည့် ကော်ဖီ association ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တစ်နိုင်ငံလုံးရှိ ကော်ဖီစိုက်ပျိုးသည့် ဒေသအလိုက်တာဝန်ရှိသူများ၊ လုပ်ငန်းရှင်များပူးပေါင်း၍ အဖွဲ့အစည်းတစ်ခုဖွဲ့နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော်ဖီစိုက်ကေများအလိုက် အဆောက်အဦဆောက်လုပ်ခွင့်သတ်မှတ်ချက်များကို ခေတ်ကာလနှင့်လျော်ညီပြီး လုပ်ငန်းလိုအပ်ချက်နှင့် ကိုက်ညီမှုရှိစေရန် ပြင်ဆင်သတ်မှတ်ပေးသွားမည်ဖြစ်ကြောင်း။

**မိမိတို့ တာဝန်ထမ်းဆောင်နေသည့်ဒေသ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး ဒေသ၏ထူးခြားသည့် ဝိသေသများကို အကျိုးရှိရှိအသုံးချနိုင်ရမည်**

ပြင်ဦးလွင်မြို့သည် တောင်ပေါ်အပန်းဖြေမြို့တော်၊ ချယ်ရီမြို့တော်၊ ကော်ဖီမြို့တော်ဖြစ်အောင် ယခင်ကတည်းက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ပေးခဲ့ခြင်းမှာလည်း ဤဒေသ၏ အကျိုးစီးပွားအတွက်ပင်ဖြစ်ပြီး အစိုးရအတွက် လုပ်ဆောင်နေခြင်းမဟုတ်သည်ကို သိရှိနားလည်ကြရန်လိုကြောင်း၊

> **ပြင်ဦးလွင်ဒေသတွင်**
> **ရှေးဟောင်းသမိုင်းဝင်အဆောက်အဦ**
> **များစွာရှိသည့်အတွက် ရှေးမူမပျက်**
> **ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်၊**
> **တန်ဖိုးရှိသည့်အဆောက်အဦများ**
> **ဖြစ်သည့်အတွက် အကျိုးရှိစွာအသုံးချ**
> **ဆောင်ရွက်သွားရမည်ဖြစ်၊**
> **နိုင်ငံတော်ပိုင်အဆောက်အဦများအပြင်**
> **ပုဂ္ဂလိကပိုင်ရှေးဟောင်း**
> **အဆောက်အဦများကိုလည်း**
> **ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်။**

သကြံန်ကာလအတွင်း ပြင်ဦးလွင်၌ ဟိုတယ်၊ တည်းခိုခန်းများ အခန်းပြည့်ဖြင့် ပြည်တွင်းပြည်ပမှ လာရောက်အပန်းဖြေကြသည့်ခရီးသွားများကို ကြည့်ပါက ဒေသ၏ သာယာလှပမှုနှင့် ခရီးသွားများ၏ စိတ်ဝင်စားမှုကို တွေ့မြင်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့် ဒေသ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ အပန်းဖြေမြို့တော်ဖြစ်သည့်အတွက် ယခုထက် ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဒေသ၏စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်လုပ်ဆောင်ပေးခြင်းဖြင့် မြှင့်တင်နိုင်ရမည်ဖြစ်ကြောင်း၊ ထိုမှတစ်ဆင့် ထုတ်ကုန်ကိုအခြေခံသည့် ပို့ကုန်လုပ်ငန်းကိုဖော်ဆောင်ရမည်ဖြစ်ပြီး ပြင်ဦးလွင်ကော်ဖီသည် ပြည်တွင်း၊ ပြည်ပ၌ နာမည်ကောင်းရပြီးသားဖြစ်သည့်အတွက် ကော်ဖီထုတ်ကုန်ကိုအခြေခံသည့် အဆင့်မြင့်ပို့ကုန်လုပ်ငန်းကိုဖော်ဆောင်ရမည်ဖြစ်ကြောင်း။

ထို့ပြင် ပြင်ဦးလွင်မြို့သည် လေကောင်းလေသန့်ရရှိပြီး နှစ်လိုဖွယ်ရာသီဥတုရှိပြီးဖြစ်သည့်အတွက် ခရီးသွားမြို့တော်၊ အပန်းဖြေမြို့တော်အပြင် ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်သည့် ကျန်းမာရေးမြို့တော်အသွင်အဖြစ်လည်း အကောင်အထည်ဖော်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ အစဉ်အလာကောင်းရှိသည့် မြို့တစ်မြို့ဖြစ်ပြီး ရာသီဥတုသာယာ၍ အေးချမ်းစွာပညာသင်ကြားနိုင်ရေးကို အထောက်အကူဖြစ်စေ၍ ပညာရေးကို အားပေးမြှင့်တင်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်သည်ထူးခြားသည့်ဝိသေသရှိသည့်မြို့တော်တစ်ခုဖြစ်ကြောင်း၊ ခရီးသွားမြို့တော်ဖြစ်သည်နှင့်အညီ မြို့သန့်ရှင်းသာယာလှပရေးကို ဦးစားပေးဆောင်ရွက်ပေးရန်လိုကြောင်း၊ တစ်ဦးချင်း၊ တစ်အိမ်ချင်းသန့်ရှင်းသပ်ရပ်သည့် ပတ်ဝန်းကျင်ဖြစ်စေရန်ဆောင်ရွက်ပြီးဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း သက်ဆိုင်ရာ ရုံး၊ ဌာနအလိုက် လမ်း၊ တံတား၊ အဆောက်အဦများကို စနစ်တကျထိန်းသိမ်းခြင်းဖြင့် မြို့သာယာလှပမှုကိုဖော်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ ပြင်ဦးလွင်ဒေသတွင် ရှေးဟောင်းသမိုင်းဝင် အဆောက်အဦများစွာရှိသည့်အတွက် ရှေးမူမပျက် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တန်ဖိုးရှိသည့်အဆောက်အဦများဖြစ်သည့်အတွက် အကျိုးရှိစွာအသုံးချဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်

ပိုင်အဆောက်အဦများအပြင် ပုဂ္ဂလိကပိုင် ရှေးဟောင်း အဆောက်အဦများကိုလည်း ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ထိန်းသိမ်းဆောင်ရွက်သည်ဖြစ်သော်လည်း မြို့တစ်မြို့ ဖွံ့ဖြိုးတိုးတက်လာပါက အထပ်မြင့်အဆောက်အဦများ၊ မြို့ပြအဆောက်အဦများလည်း လိုအပ်လာမည်ဖြစ်သဖြင့် အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်နိုင်ရေးအတွက်လည်း သီးခြားမြေနေရာများကို သတ်မှတ်ဆောင်ရွက်ပေးရမည်ဖြစ်ပြီး စနစ်ကျနသည့် မြို့အကွက်ချပုံစံဖြင့် ရေးဆွဲဆောင်ရွက်ရန်လိုကြောင်း၊ မျက်စိပသာဒဖြစ်ပြီး စနစ်ကျနသည့်မြို့ကို ဖော်ဆောင်ရမည်ဖြစ်ပြီး ဘက်ပေါင်းစုံမှစဉ်းစားလုပ်ဆောင်ကြရန်လိုကြောင်း။

မြို့တွင်းလမ်းများကို စနစ်ကျနမှုရှိစေရေး လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း၊ လမ်းဧရိယာကို ဦးစွာသတ်မှတ်ဆောင်ရွက်ပြီးမှသာလျှင် သစ်ပင်များကို စိုက်ပျိုးရမည်ဖြစ်ပြီး စိုက်ပျိုးရာတွင်လည်း မျက်နှာချင်းဆိုင် သစ်ပင်စိုက်ပျိုးခြင်းအစား Zig Zag စနစ်ဖြင့် စိုက်ပျိုးကြစေလိုကြောင်း၊ သို့မှသာလျှင် သစ်ပင်များမှတစ်ဆင့် လမ်းပေါ်သို့ရေကျရောက်ပြီး လမ်းပျက်စီးမှုကို ကာကွယ်စေနိုင်မည်ဖြစ်ကြောင်း၊ နေရောင်ခြည်လည်း သင့်တင့်စွာရရှိရန်လိုကြောင်း၊ လမ်းပျက်စီးမှုသည် ရေနှင့်မြေသားများ ကတ္တရာလမ်းပေါ်ကျရောက်ခြင်းကြောင့်ဖြစ်သဖြင့် လမ်းခင်းကျင်းမှုအပိုင်းကိုလည်း ရေစီးရေလာကောင်းစေရန်နှင့် လမ်းပေါ်ရေတင်ကျန်မှုမရှိစေရေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြင်ဦးလွင်ဒေသ၌ လမ်းများ၊ ဈေးဆိုင်များ၊ မြေအကွက်ချမှုများ စနစ်တကျရှိစေရေး ဆောင်ရွက်ကြစေလိုကြောင်း၊ စည်းမျဉ်းစည်းကမ်းနှင့်မညီသည်များကို သတ်မှတ်ချက်များအတိုင်းသာ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် စည်းကမ်းစနစ်တကျဖြစ်စေရေးကိုသာ အဓိကထား ထိန်းသိမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

သစ်ပင်များ စိုက်ပျိုးရာတွင်လည်း အမှန်တကယ်ရှင်သန်နိုင်မည့်အရွယ်အစားရှိသည့် ပျိုးပင်များကိုသာ စိုက်ပျိုးကြစေလိုကြောင်း၊ အပန်းဖြေမည့်ပတ်ဝန်းကျင်၊ ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည့်ပတ်ဝန်းကျင်၊ ပညာရေးမြှင့်တင်မှု ဆောင်ရွက်နိုင်မည့်ပတ်ဝန်းကျင်တို့ကိုစနစ်တကျတွက်ချက်စဉ်းစားဆောင်ရွက်၍ လုပ်ဆောင်ကြစေလိုကြောင်း၊ ယခင်ကတည်းကပင် ရှိပြီးသားဖြစ်သည့် ပြင်ဦးလွင်ဒေသ၏အခြေခံကောင်းများကို ခေတ်မီနည်းပညာ၊ အတတ်ပညာတို့ဖြင့် ပေါင်းစပ်အသုံးချလျက် စနစ်တကျနှင့် ပိုမိုပြည့်စုံအောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံမှ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။

■ ■ ■

# ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့်အမှာစကား

## ( ၁၈ - ၄ - ၂၀၂၂ )






ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်နှင့် လေ့ကျင့်ရေးကျောင်းများ၏ လေ့ကျင့်ရေးဆိုင်ရာညှိနှိုင်းအစည်းအဝေးကို ဧပြီလ ၁၈ ရက် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဧည့်ဂေဟာအစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်တို့အပါအဝင် ပြင်ဦးလွင်တပ်နယ်အတွင်းရှိလေ့ကျင့်ရေးကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများတက်ရောက်ကြသည်။

**စစ်သည်များအနေဖြင့် မိမိလုပ်ဆောင်နေသည့်အလုပ် များကို ပိုမိုကောင်းမွန်အောင်ကြိုးဆလုပ်ဆောင်နေခြင်းသည် လေ့ကျင့်ရေးနှင့် မိမိကိုယ်ကိုမိမိ အဆင့်မြှင့်တင်နေခြင်းဖြစ်သည်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် လေ့ကျင့်ရေးနှင့်ပတ်သက်၍ မှာကြားနိုင်ရေး ယခုကဲ့သို့ စုစုစည်းစည်းဖြင့် တွေ့ဆုံခြင်းဖြစ် ကြောင်း၊ တပ်မတော်တိုင်းတွင် စွမ်းရည်ထက်မြက်ရေးအတွက် လေ့ကျင့်ရေးသည် မရှိမဖြစ်လိုအပ်ပြီး စွမ်းရည် စွမ်းအားရှိသည့် အရည်အချင်းရှိသည့်တပ်မတော်ကို လေ့ကျင့်ရေးဖြင့် တည်ဆောက်ရမည်ဖြစ်ကြောင်း၊ ထိုသို့တည်ဆောက်ရာတွင် အခြေခံလေ့ကျင့်ရေးနှင့်တန်းမြင့်လေ့ကျင့်ရေးတို့ကို သင်ကြားပို့ချပေးလျက်ရှိကြောင်း၊ စစ်သားကောင်းတစ်ယောက် ဖြစ်စေရေးအတွက် စိတ်ဓာတ်၊ စည်းကမ်းကောင်းရန်၊ ကျန်းမာကြံ့ခိုင်မှုရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ **"ချွေးထွက်များမှ သွေးထွက်နည်းမည်"** ဟူသည့် ဆောင်ပုဒ်နှင့်အညီ သင်တန်းကျောင်းများတွင် လေ့ကျင့်ပေးသည်များရှိသကဲ့သို့ တစ်ဦးချင်းနေ့စဉ်လုပ်ဆောင်နေရသည့် တာဝန်များကို မှန်မှန်ကန်ကန်လုပ်ဆောင်လိုက်နာခြင်းသည်လည်း လေ့ကျင့်ရေးဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ **"လေ့လာ၊ လေ့ကျင့်၊ လိုက်နာ"** ဟူသည့်လေ့ကျင့်ရေးဆောင်ပုဒ်အတိုင်း သင်ကြားပေးထားသည့်အတိုင်း လိုက်နာနေထိုင်ခြင်းသည် တစ်ဦးချင်းနှင့်တစ်ဖွဲ့၏ အရည်အချင်း

**လေ့ကျင့်ရေးသည် တပ်မတော်၏ စွမ်းရည်မြှင့်တင်ရေးတွင်အဓိကကျပြီး စွမ်းရည်ကို မြှင့်တင်ပေးနေခြင်းပင်ဖြစ်၊ သင်တန်းကျောင်းအချင်းချင်း အပြန်အလှန်လေးစားစွာဖြင့် ချစ်ခင်ရင်းနှီးစွာတာဝန်ထမ်းဆောင်ကြရန်လို၊ တစ်နိုင်ငံလုံးမှ လာရောက်သင်ယူနေကြသည့် သင်တန်းသားများကို လေ့ကျင့်ပေးနေရသူများဖြစ်သည့်အတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်အောင် စံနမူနာပြနေထိုင်လေ့ကျင့်ပေးကြရမည်ဖြစ်။**

ကို ထိန်းသိမ်းမြှင့်တင်နေခြင်းဖြစ်သည်ဟု ခံယူရမည်ဖြစ်ကြောင်း၊ စစ်သားတစ်ဦး၏အလုပ်သည် သင်ကြားပေးထားသည့်အတိုင်း လုပ်ဆောင်ခြင်းပင်ဖြစ်ပြီး မိမိအရည်အချင်းကို မြှင့်တင်ရန်၊ မိမိအရည်အသွေးကိုမြှင့်တင်ရန် မိမိကိုယ်တိုင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ကိုယ်ရည်သန့်ရှင်းရေးမှစ၍ ဝတ်စားဆင်ယင်မှုပုံစံကျအောင်နေထိုင်ခြင်းဖြင့် မိမိကိုယ်ကိုမြှင့်တင်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လေ့ကျင့်ရေးနှင့်ပတ်သက်လာပါက စနစ်တကျ သင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်ပြီး နေ့စဉ်မိမိကိုယ်ကိုစနစ်တကျနေထိုင်တတ်မှုနှင့် ပေးအပ်ထားသည့်လုပ်ငန်းတာဝန်များကို ကျေပွန်စွာဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများကိုဘဝတစ်လျှောက်လုံး အသားကျဖြစ်အောင် လေ့ကျင့် ပေးရမည်ဖြစ်ကြောင်း။

**စနစ်တကျရေးဆွဲထားရှိသည့် သင်ရိုးညွှန်းတမ်းနှင့် လေ့ကျင့်ရေးအထောက်အကူပြုပစ္စည်းများ ပြည့်စုံရမည်**

စစ်သည်တိုင်းကို စစ်အခြေခံလေ့ကျင့်ရေးမှသည် တာဝန်ထမ်းဆောင်သည့်နေရာဌာနအပေါ် မူတည်၍ တစ်ဆင့်မြင့်လေ့ကျင့်ရေးများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထို့သို့ သင်ကြားပေးရာတွင်လည်း သင်ရိုးညွှန်းတမ်းရေးဆွဲခြင်းသည် အဓိကကျပြီး သင်ရိုးညွှန်းတမ်းရေးဆွဲရာ၌ နိုင်ငံတော်၏ကာကွယ်ရေးမူဝါဒနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ မိမိတပ်များ၏စွမ်းရည်ကို မြှင့်တင်နိုင်မှု ရှိ၊ မရှိ သုံးသပ်ဆောင်ရွက်ရမည်ဖြစ်ပြီး ပိုမိုပြည့်စုံကောင်းမွန်စေရေး နိုင်ငံတကာမှ သင်ရိုးညွှန်းတမ်းများကို လေ့လာ၍ သော်လည်းကောင်း၊ ခေတ်အလိုက်သင်ကြားရာမှ လိုအပ်ချက်များကို ထပ်မံဖြည့်စွက်၍သော်လည်းကောင်း ရေးဆွဲရမည်ဖြစ်ပြီး ကောင်းမွန်သည့်လေ့ကျင့်ရေးမှ ကောင်းမွန်ပြီး အရည်အသွေးရှိသည့်စစ်သည်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် တတ်ကျွမ်းသည့်စစ်သည်များကို မွေးထုတ်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ သင်ကြားမှု၊ သင်ယူမှုအထောက်အကူပြုပစ္စည်းများ ပြည့်စုံစွာရှိရေးကိုလည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်ထားမှသာလျှင် လေ့ကျင့်သားပြည့်ဝမည်ဖြစ်ပြီး တစ်ဦးချင်းကိုင်တွယ်ရမည့် လက်နက်နှင့်လက်ရုံးတပ်ဖွဲ့များအလိုက် ကိုင်တွယ်ရသည့် ကိရိယာများကို ကျွမ်းကျင်ပိုင်နိုင်မည်ဖြစ်ကြောင်း။

**သင်ကြား၊ သင်ယူခဲ့ရသည့် ပညာရပ်များကိုအသုံးချ၍ လက်တွေ့နယ်ပယ်တွင် ကြုံတွေ့လာရသည့် အခက်အခဲများကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ရေး အရည်အသွေး ပြည့်ဝသည့် နည်းပြများဖြင့် သင်ကြားပေးရမည်**

ထို့ပြင်နည်းပြများသည်လည်း အရည်အသွေး ပြည့်ဝရန်လိုပြီး အရည်အချင်းရှိသည့် နည်းပြများဖြစ်ရန်လိုကြောင်း၊ နည်းပြများအနေဖြင့် ကိုယ်တိုင်ဖတ်ရှုလေ့လာမှတ်သား၍ တစ်ဦးချင်း အရည်အသွေးရှိအောင် ဆောင်ရွက်ထားရမည်ဖြစ်ပြီး သင်တန်းသားများ နားလည်သဘောပေါက်အောင် သင်ကြားပြသပေးနိုင်သည့် အရည်အချင်းများရှိရမည် ဖြစ်ကြောင်း၊ နည်းပြများအနေဖြင့် သင်တန်းသားများ၏ အထင်ကြီးလေးစားမှုခံရသည့် နည်းပြများဖြစ်စေရေး မိမိတို့တစ်ဦးချင်း၏အရည်အသွေးကို မြှင့်တင်ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ သင်တန်းသား အချိုးနှင့်နည်းပြအချိုးကို အမြဲလေ့လာဆန်းစစ်နေရမည်ဖြစ်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် ဘာသာရပ်များကို စနစ်တကျသင်ကြားလေ့ကျင့်ပေးလိုက်မှသာလျှင် လက်တွေ့နယ်ပယ်၌ ကောင်းမွန်စွာအသုံးချနိုင်မည်ဖြစ်ပြီး ကြုံတွေ့လာရသည့်အခက်အခဲများကို အောင်မြင်စွာဖြတ်သန်းနိုင်မည်ဖြစ်ကြောင်း၊ တစ်ဦးချင်း check လုပ်ရမည်ဖြစ်

ပြီး စည်းကမ်းရှိအောင် သင်ကြားလေ့ကျင့်ပေးရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သားမပြည့်ဝခြင်းသည် နိုင်ငံတော်အတွက် ဆုံးရှုံးမှုများစွာကို ဖြစ်ပေါ်စေနိုင်သည့်အတွက် စနစ်တကျ လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း။

**တစ်ဦးချင်း၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာကို စစ်သားကောင်းပီသအောင် လေ့ကျင့်တည်ဆောက်ပေးရမည်**

ထိုသို့ လေ့ကျင့်ဆောင်ရွက်ပေးရာတွင် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်အောင် လေ့ကျင့်ပေးရန်လိုကြောင်း၊ အာဟာရပြည့်မီအောင် တွက်ချက်၍ ပြည့်ပြည့်ဝဝကျွေးရမည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်ပေးမှသာလျှင် စစ်သည်တစ်ဦးချင်း ကိုယ်ခန္ဓာကြံ့ခိုင်ဖွံ့ဖြိုးလာမည်ဖြစ်ကာ စစ်သားကောင်းတစ်ယောက်ပီသသည့် ရုပ်ပိုင်းဆိုင်ရာကို တည်ဆောက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ရုပ်ပိုင်းဆိုင်ရာကောင်းမွန်မှသာလျှင် စိတ်ဓာတ်ပိုင်းလည်းကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သင်တန်းသားများ၏ စိတ်ပိုင်းဆိုင်ရာကိုလည်း အားပေးမြှင့်တင်၍ လေ့ကျင့်ဆောင်ရွက်ပေးသွားရန်လိုကြောင်း၊ သင်တန်းသားတစ်ဦးချင်းစီ၏လုပ်ဆောင်နိုင်မှုစွမ်းရည်ကို နည်းပြများအနေဖြင့် သိရှိနေရမည်ဖြစ်ပြီး မှန်မှန်ကန်ကန်ဖြင့် လေ့ကျင့်ဆောင်ရွက်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ အဆင့်နှင့်လျော်ညီသည့် အတွေးအခေါ်ပိုင်းကို တိုးတက်ဖွံ့ဖြိုးအောင် သင်ကြားလေ့ကျင့်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ လေ့ကျင့်ရေးမှသည် အရည်အသွေးပြည့်ဝကောင်းမွန်သည့် အရာရှိ စစ်သည်များကိုမွေးထုတ်ပေးနိုင်မည်ဖြစ်သဖြင့် ကျောင်းများအလိုက် လေ့ကျင့်ရေးပိုင်းဆိုင်ရာများကို စနစ်တကျနှင့် ဖိဖိစီးစီးဆောင်ရွက်ကြရန်လိုကြောင်းဖြင့် မှာကြားသည်။

**ပြင်ဦးလွင်တပ်နယ်ရှိ တက္ကသိုလ်၊ လေ့ကျင့်ရေးသင်တန်းကျောင်းများအလိုက် လေ့ကျင့်ရေးအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုများနှင့် အထွေထွေလိုအပ်ချက်များ တင်ပြ**

ထို့နောက် စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်အုပ်ချုပ်မှုကျောင်းတို့အပါအဝင် ပြင်ဦးလွင်တပ်နယ်အတွင်းရှိလေ့ကျင့်ရေးသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများက သက်ဆိုင်ရာတက္ကသိုလ်၊ လေ့ကျင့်ရေးကျောင်းများအလိုက် သမိုင်းအကျဉ်း၊ လေ့ကျင့်ရေးဆောင်ရွက်ပေးနေမှုအခြေအနေ၊ တပ်မတော်အကြီးအကဲများ၏ လမ်းညွှန်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေ၊ သင်တန်းသားများ၏ စိတ်ဓာတ်စည်းကမ်းကောင်းမွန်မှု၊ လေ့ကျင့်သင်ကြားနိုင်မှုတို့ကို ဆန်းစစ်သုံးသပ်ချက်များနှင့် တွေ့ရှိချက်များ၊ အထွေထွေလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)က တပ်မတော်တွင် လေ့ကျင့်ရေးပိုင်းဆိုင်ရာများ ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ နည်းပြများ၏ အရည်အချင်းမြှင့်တင်နိုင်ရေး နည်းပြမွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရန် ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အခြေအနေ၊ သင်တန်းသားများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာမြှင့်တင်ရေးများကို ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး တက္ကသိုလ်များ၊ သင်တန်းကျောင်းများအလိုက် အထွေထွေလိုအပ်ချက်များကိုမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**မိမိတို့သည် ပါတီစုံဒီမိုကရေစီကို လျှောက်လှမ်းနေခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်နေခြင်းဖြစ်သည့်အတွက် ဥပဒေကို ပိုမိုသိရှိလိုက်နာရမည်ဖြစ်၊ ဥပဒေသည် စည်းကမ်းမှပေါ်ပေါက်လာခြင်းဖြစ်ပြီး စည်းကမ်းသည် ကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်၊ ထို့ကြောင့် ဥပဒေ၏အနှစ်သာရနှင့်အခြေခံကို သိရှိမှသာလျှင် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်ကြားပေးသည့် ဥပဒေပိုင်းဆိုင်ရာ ပညာရပ်များကို အမှန်တကယ် သိရှိတတ်မြောက်အောင် သင်ယူကြစေလို။**

**ပြင်ဦးလွင်သည် တပ်မတော်၏ လေ့ကျင့်ရေးဘူမိနသန် မြေဖြစ်သည့်အတွက် စံနမူနာပြ ဖြစ်ရမည်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် စစ်အတတ်ပညာသည် မိမိကိုယ်ကိုကာကွယ်နိုင်ရန်ဖြစ်ပြီး လုပ်ငန်းပိုင်းနှင့်သက်ဆိုင်သည့် အတတ်ပညာသည် လုပ်ငန်းခွင်အတွင်း လုပ်ကိုင်ဆောင်ရွက်ရာတွင် ပိုမိုလွယ်ကူကောင်းမွန်စေရန်ဖြစ်ကြောင်း၊ ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုနှင့်ပတ်သက်၍ မွမ်းမံသင်တန်းများကို သင့်တော်သည့်ကာလအပိုင်းအခြား များအလိုက် ဖွင့်လှစ်သင်ကြားပေးခြင်းဖြင့် သင်တန်းသားအချင်းချင်း အတွေ့အကြုံများဖလှယ်နိုင်မည်ဖြစ်ပြီး တပ်ဖွဲ့၏ အရည်အသွေးပိုင်းကိုလည်း ပိုမိုမြှင့်တင်နိုင်မည်ဖြစ်ကြောင်း၊ လက်ရုံးတပ်ဖွဲ့အလိုက် အမျိုးသမီးအရာရှိ၊ စစ်သည်များတာဝန်ထမ်းဆောင်လျက်ရှိပြီး ညီရင်းအစ်ကို၊ မောင်ရင်းနှမစိတ်ဓာတ်တို့ဖြင့် လက်တွဲခေါ်ဆောင်သင်ကြားပေးရန်လိုကြောင်း၊ တစ်ဦးချင်း အပြန်အလှန်လေးစားစွာဖြင့် စောင့်ရှောက်ရန်လိုပြီး အမျိုးသမီးစစ်သည်များ၏ အရည်အသွေးကို မြှင့်တင်ဆောင်ရွက်ပေးရန်လိုကြောင်း။

လေ့ကျင့်ရေးသည် တပ်မတော်၏စွမ်းရည်မြှင့်တင်ရေးတွင်အဓိကကျပြီး စွမ်းရည်ကိုမြှင့်တင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ သင်တန်းကျောင်းအချင်းချင်း အပြန်အလှန်လေးစားစွာဖြင့် ချစ်ခင်ရင်းနှီးစွာ တာဝန်ထမ်းဆောင်ကြရန်လိုကြောင်း၊ တစ်နိုင်ငံလုံးမှ လာရောက်သင်ယူနေကြသည့် သင်တန်းသားများကို လေ့ကျင့်ပေးနေရသူများဖြစ်သည့်အတွက် ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ကောင်းမွန်အောင် စံနမူနာပြနေထိုင်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

**ဥပဒေဒီပလိုမာသင်တန်းသားများအား တွေ့ဆုံအမှာစကား ပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ပြင်ဦးလွင်တပ်နယ်အတွင်းရှိ တပ်မတော်အုပ်ချုပ်မှုကျောင်းအတွင်း ဥပဒေဒီပလိုမာသင်တန်းသားအရာရှိများအား တွေ့ဆုံ၍ တပ်မတော်သားများအနေဖြင့် ဥပဒေကိုသိရှိနားလည်လိုက်နာရန်လိုအပ်သည့်အတွက် ဥပဒေသင်တန်းများကို ပို့ချပေးနေခြင်းဖြစ်ကြောင်း၊ မိမိတို့သည် ပါတီစုံဒီမိုကရေစီကို လျှောက်လှမ်းနေခြင်း၊ ဒီမိုကရေစီအုပ်ချုပ်ရေးကို ဖော်ဆောင်နေခြင်းဖြစ်သည့်အတွက် ဥပဒေကို ပိုမိုသိရှိလိုက်နာရမည်ဖြစ်ကြောင်း၊ ဥပဒေသည် စည်းကမ်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး စည်းကမ်းသည် ကျင့်ဝတ်နှင့်အညီ နေထိုင်လုပ်ကိုင်ဆောင်ရွက်ခြင်းပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ဥပဒေ၏အနှစ်သာရနှင့်အခြေခံကို သိရှိမှသာလျှင် ဥပဒေအတိုင်း လိုက်နာဆောင်ရွက်နိုင်မည်ဖြစ်သည့်အတွက် သင်ကြားပေးသည့် ဥပဒေပိုင်းဆိုင်ရာ ပညာရပ်များကို အမှန်တကယ်သိရှိတတ်မြောက်အောင် သင်ယူကြစေလိုကြောင်း၊ နိုင်ငံတကာတွင်လည်း မည်သည့်ကိစ္စမဆို ဥပဒေနှင့်အညီသာဆောင်ရွက်ကြသည် ဖြစ်သည့်အတွက် ဥပဒေပညာရပ်သည် မဖြစ်မနေသိသင့်သိထိုက်သည့် ပညာရပ်တစ်ခုပင်ဖြစ်ကြောင်း။

ဥပဒေပညာရပ်သည် မိမိတို့၏ အုပ်ချုပ်ရေးစွမ်းရည်ကို ပိုမိုမြှင့်တင်ပေးနိုင်စေမည်ဖြစ်ပြီး တပ်ရင်း၊ တပ်ဖွဲ့များသို့ ပြန်လည်ရောက်ရှိပြီး တစ်ဆင့်မြင့်ရာထူးတာဝန်များကို ထမ်းဆောင်မည်ဆိုပါက အထောက်အကူများစွာဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း၊ သင်တန်းကာလအတွင်း သင်ကြားပေးသည်များကို ကြိုးစားသင်ယူခြင်းသာမက ဥပဒေ၏အနှစ်သာရကိုလည်း ဖတ်မှတ်လေ့လာရန် လိုကြောင်း၊ သင်တန်းပြီးစီးပါကလည်း မိမိတို့၏ရဲဘော်ရဲဘက်များ၊ စစ်သည်များကို ဥပဒေနှင့်ပတ်သက်သည့် အသိပညာများကို မျှဝေပေးရန်လိုကြောင်း မှာကြားသည်။

■ ■ ■

# မြန်မာနိုင်ငံကော်ဖီအသင်းနှင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ် ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးစဉ် ပြောကြားသည့်အမှာစကား

( ၁၉ - ၄ - ၂၀၂၂ )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ဧပြီလ ၁၉ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံကော်ဖီအသင်း (Myanmar Coffee Association) နှင့် ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံကော်ဖီအသင်း (Myanmar Coffee Association) သို့ရောက်ရှိကြရာ မြန်မာနိုင်ငံကော်ဖီအသင်းနာယကနှင့် Mandalay Coffee Group(MCG) ၏ Director ဖြစ်သူ ဦးရဲမြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် အစည်းအဝေးခန်းမတွင် ကော်ဖီစိုက်ပျိုးမှု၊ သီးခြမ်းကြိတ်ခွဲမှုမှ ကော်ဖီထုတ်လုပ်ပုံအဆင့်ဆင့်၊ ပျိုးပင်များပျိုးထောင်ဆောင်ရွက်မှု၊ ကော်ဖီအရသာနှင့် အရည်အသွေးထိန်းသိမ်းမှု လုပ်ငန်းဆောင်ရွက်နေမှု၊ Grade အလိုက်ခွဲခြား၍ သိုလှောင်ထားပြီး ဝယ်ယူသူလက်ဝယ်သို့ရောက်ရှိအောင် ဖြန့်ဝေဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ Video Clip များဖြင့်ရှင်းလင်းတင်ပြပြီး မြန်မာ့ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်ပေးနိုင်ရေး တင်ပြဆွေးနွေးသည်။

**မြန်မာ့ကော်ဖီ (Myanmar Coffee) Brand ကို ကမ္ဘာသို့ ထိုးဖောက်နိုင်ရေး ဆွေးနွေးပြောကြား**

ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံမှထွက်ရှိသည့် မြန်မာ့ကော်ဖီ (Myanmar Coffee) Brand ကို တစ်ကမ္ဘာလုံးက လက်ခံကြိုက်နှစ်သက်ပြီးအားပေးရသည်အထိ ထိုးဖောက်နိုင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သကြံ့နမ်မတိုင်မီကာလတွင် ကော်ဖီလုပ်ငန်းရှင်များနှင့်တွေ့ဆုံခဲ့ပြီး ကော်ဖီလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးခဲ့ကြောင်း၊ ထိုသို့တွေ့ဆုံစဉ် ၎င်းတို့တင်ပြချက်များတွင်ပါဝင်သည့် ကော်ဖီ Association ဖွဲ့စည်းနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဝန်ကြီးများ၊ တစ်နိုင်ငံလုံးရှိ ကော်ဖီစိုက်ပျိုးသည့်ဒေသအလိုက် ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများ၊ ကော်ဖီစိုက်လုပ်ငန်းရှင်များပူးပေါင်း၍ အဖွဲ့အစည်းတစ်ခု

ဖွံ့စည်းပေးပြီးဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ၏လိုအပ်ချက်များကို ဖြစ်နိုင်သည်မှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ အရည်အသွေးမြင့်သည့် ကော်ဖီထုတ်ကုန်ဖြစ်စေရေးအတွက် ထုတ်လုပ်ပုံနှင့်ထုတ်ပိုးမှုစနစ်တကျရှိရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စိုက်ပျိုးမွေးမြူရေး သိပ္ပံ၊ ကောလိပ်များကို တိုးချဲ့ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပြီး လူသားအရင်းအမြစ်များ ပေါ်ထွက်လာစေရန် ဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးရေးအတွက်လိုအပ်သည့် မြေဩဇာကဲ့သို့သောသွင်းအားစုများကို မွေးမြူရေးမှ ရရှိလာသည့်စွန့်ပစ်ပစ္စည်းများ၊ သဘာဝမြေဩဇာများ၊ စိုက်ပျိုးရေးစွန့်ပစ်ကုန်များမှ ထုတ်လုပ်၍ အသုံးချနိုင်ရေးလုပ်ဆောင်နိုင်ရမည်ဖြစ်ကြောင်း၊ အောင်မြင်အောင်ဆောင်ရွက်ကြစေလိုပြီး တိုင်းပြည်အတွက်လည်း ဝင်ငွေတိုးပွားလာနိုင်မည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး အခြားသိရှိလိုသည်များနှင့် လိုအပ်သည်များကို မေးမြန်းဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကော်ဖီဓာတ်ခွဲခန်းတွင်း ကော်ဖီအရည်အသွေးအနံ့အရသာ စမ်းသပ်ဆောင်ရွက်နေမှုအခြေအနေများနှင့် Mandalay Coffee Group (MCG) စက်ရုံအတွင်း လှည့်လည်၍ အရည်အသွေးခွဲခြားခြင်း၊ အခြောက်ကြိတ်ခွဲခြင်း၊ အဆင့်လိုက် သိုလှောင်ခြင်း ဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုလေ့လာသည်။

**ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) ဆောင်ရွက်နေမှုအား ကြည့်ရှုစစ်ဆေး**

ထို့နောက် ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်)အား ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ် အဆင့်မြှင့်တင်နိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ဦးစွာ စိုက်ပျိုးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ဒေါက်တာရဲတင်ထွန်းနှင့်တာဝန်ရှိသူများက ကော်ဖီနည်းပညာဖွံ့ဖြိုးရေးခြံ (ပွေးတောင်) သမိုင်းကြောင်း၊ ပြင်ဦးလွင်ကော်ဖီဥယျာဉ် (Pyin Oo Lwin Coffee Park) အဖြစ်အကောင်အထည်ဖော်ရခြင်း၏ရည်ရွယ်ချက်နှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ဥယျာဉ်အတွင်းစိုက်ပျိုးထားရှိသည့်ကော်ဖီမျိုးများနှင့် အရည်အသွေးလက္ခဏာများ၊ မြန်မာနိုင်ငံကော်ဖီအသင်း (Myanmar Coffee Association) နှင့်ပူးပေါင်း၍ ကော်ဖီနည်းပညာပြန့်ပွားရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကော်ဖီမျိုးများကို စိုက်ပျိုးရာတွင် မျိုးအမျိုးအပြားဆောင်ရွက်မည့် အစားလုပ်ငန်းရှင်များနှင့် ကော်ဖီစိုက်တောင်သူများ အကျိုးဖြစ်ထွန်းစေနိုင်မည့် အရည်အသွေးတည်ငြိမ်ပြီး ဈေးနှုန်းခိုင်မာသင့်တင့်သည့်မျိုးများကိုရွေးချယ်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် လေ့လာသူများကိုလည်း ကော်ဖီစိုက်ပျိုးရေးကို စိတ်ပါဝင်စားလာစေရေး စနစ်တကျလမ်းညွှန်ရှင်းလင်းပြသရန်လိုကြောင်း၊ ပြင်ဦးလွင်ကော်ဖီဥယျာဉ်အနေဖြင့် ကော်ဖီစိုက်လုပ်ငန်းရှင်များကို အကျိုးဖြစ်ထွန်းစေနိုင်မည့် အကြံဉာဏ်များကိုပေးနိုင်ရမည်ဖြစ်ပြီး မြန်မာ့ကော်ဖီကို ကမ္ဘာ့ဈေးကွက်သို့ ထိုးဖောက်နိုင်ရေးဆောင်ရွက်ရာတွင် အထောက်အကူပေးနိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

■ ■ ■

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်း

( ၂၂ - ၄ - ၂၀၂၂ )



**တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ မိဘပြည်သူများခင်ဗျား -**

နိုင်ငံတော်အစိုးရနဲ့ တပ်မတော်အနေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက်တောင်းဆိုလာခဲ့တဲ့ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုနိုင်ငံ တည်ဆောက်ရေးကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ပါတယ်။ လာမယ့် ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ဟာ စိန်ရတု လွတ်လပ်ရေးနေ့ ဖြစ်ပါတယ်။ ၇၅ နှစ်ကာလကြာပြီဖြစ်တဲ့ လွတ်လပ်ရေးရဲ့ အနှစ်သာရများကို တိုင်းရင်းသားပြည်သူများ အပြည့်အဝမခံစားရသေးတာကိုလည်း လက်ရှိပကတိဖြစ်ရပ်များက ပြဆိုနေပါတယ်။ အဓိကအကြောင်းအရာကတော့ သဘောထားကွဲလွဲမှုများအပေါ်မှာအခြေခံပြီး ဖြစ်ပေါ်လာခဲ့တဲ့တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများကြောင့်ပဲ ဖြစ်ပါတယ်။

ဒါကို ကျွန်တော်တို့ ဖြေရှင်းနိုင်မှသာ ဒီမိုကရေစီရဲ့ အနှစ်သာရ လွတ်လပ်ရေးအနှစ်သာရကို အပြည့်အဝခံစားနိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော် ပြောခဲ့ပါတယ်။

ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ အဖွဲ့များအားလုံး

ကို ကျွန်တော်ကိုယ်တိုင်တွေ့ပါမယ်။ ပြီးလို့ရှိရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ကိုယ်စားလှယ်အဖွဲ့များနဲ့ ဆွေးနွေးမှုများ ပြုလုပ်သွားပါမယ်။

လိုအပ်ရင်လည်း ထပ်မံဆွေးနွေးမှုတွေကိုလည်း ပြုလုပ်သွားပါမယ်။ ဒီဆွေးနွေးပွဲကိုတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အသီးသီးရဲ့ ခေါင်းဆောင်များကိုယ်တိုင်နဲ့ အဖွဲ့ဝင် ၂ ဦးစီ တက်ရောက်ပေးကြပါ။ တက်ရောက်မယ့်သူ ပုဂ္ဂိုလ်များရဲ့အမည်ကို ၂၀၂၂ ခုနှစ် မေလ ၉ ရက်နေ့ နောက်ဆုံးထားပြီး ပြန်ကြားပေးကြစေလိုပါတယ်။

နှစ်ဘက်ညှိနှိုင်းပြီးတော့မှ ရက်သတ်မှတ်ဆွေးနွေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ တိုင်းရင်းသားပြည်သူအားလုံး ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ အရသာကိုခံစားနိုင်ရေး ကျွန်တော်တို့အားလုံး လက်တွဲပြီး ရိုးသားပွင့်လင်းစွာ ဆွေးနွေးသွားကြပါမယ်။

ပြည်ထောင်စုသားအားလုံးရဲ့အကျိုးကို ရှေးရှုပြီး ပူးပေါင်းဆောင်ရွက်ပေးကြဖို့တိုက်တွန်းလိုပါတယ်ခင်ဗျား။

အားလုံးကို ကျေးဇူးတင်ပါတယ်။

■ ■ ■

# (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေးအလံအပ်နှင်းခြင်းအခမ်းအနားသို့ တက်ရောက်ပြောကြားသည့်အမှာစကား

( ၂၉ - ၄ - ၂၀၂၂ )



ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့များအား အောင်နိုင်ရေး အလံအပ်နှင်းခြင်းအခမ်းအနားကို ဧပြီလ ၂၉ ရက် နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B) ဆောင်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ မန်းငြိမ်းမောင်၊ ဒေါ်အေးနုစိန်၊ Jang Phange နော်တောင်၊ ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှတပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများ နှင့် ပြိုင်ပွဲဝင်အားကစားသမားများ၊ အုပ်ချုပ်သူများနှင့်

နည်းပြများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်အား (၃၁)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာအားကစားအဖွဲ့များက မိတ်ဆက်ဂါရဝပြုကြသည်။

**အမှာစကားပြောကြား**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကျင်းပရန် (၁၄) ရက်သာ လိုတော့သည့်အတွက် အားကစားသမား မောင်မယ်အားလုံးသည် နည်းစနစ် ပိုင်နိုင်ကျွမ်းကျင်မှု၊ အားကစားစွမ်းဆောင်ရည်မြင့်မားမှု၊ စံချိန်စံညွှန်းကောင်းမွန်မှုစသည့်အချက်များ ပြည့်ပြည့်ဝဝခိုင်ခိုင်မာမာဖြင့် ပြိုင်ပွဲဝင်ရန်အသင့်ဖြစ်နေကြပြီဟု ယုံကြည်ပါကြောင်း၊ အားကစားအဖွဲ့များက အဆိုပြုသည့်အတိုင်း သတ်မှတ်စံချိန်များအတွင်း ကိုက်ညီသည့်အားကစားသမားများ၊ အစဉ်အလာရှိသည့် အားကစားများကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုခဲ့ပါကြောင်း၊ သွားလာရေးကအစ အဆင်ပြေအောင်လည်း ဆောင်ရွက်ပေးထားပါကြောင်း။

နိုင်ငံတစ်နိုင်ငံလုံးတွင်ရှိသည့် ပြည်သူများအားလုံးက အားကစားမောင်မယ်များ၏ ဇွဲ၊ သတ္တိအပြည့်နှင့် ပွဲမဝင်ခင် အပြင်ကကျင်းပဆိုသကဲ့သို့ ပြင်းပြင်းထန်ထန် လေ့ကျင့်ပြင်ဆင်နေမှုများကိုလည်း ကြားသိမြင်တွေ့ခံစားခဲ့ရပြီးဖြစ်သည့်အတွက် မိမိတို့၏အားကစားသမိုင်းတွင် မှတ်တမ်းတင်နိုင်ရေး တက်ညီလက်ညီနှင့် အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် မှာကြားလိုကြောင်း၊ သွားရောက်ယှဉ်ပြိုင်မည့် အားကစားအဖွဲ့များအနေဖြင့် ယခင်ကပါဝင်ယှဉ်ပြိုင်ခဲ့သည့်အကြိမ်များထက် ဆုတံဆိပ်များ ပိုမိုရရှိအောင် စွမ်းဆောင်ပေးနိုင်ကြမည်ဆိုပါက မြန်မာအားကစားအဖွဲ့၏ အောင်မြင်မှုသမိုင်းကို ပိုမိုပြောင်းလဲမှတ်တမ်းတင်နိုင်မည်ဖြစ်ပါကြောင်း၊ အမိနိုင်ငံ၏အလံတော် လွှင့်ထူဂုဏ်ပြုခံရခြင်းမျိုးကို နိုင်ငံသားတိုင်းက လိုလားကြသည်ဖြစ်သဖြင့် အားသွန်ခွန်စိုက်ကြိုးစားကြရန် တိုက်တွန်းလိုပါကြောင်း၊ ပြိုင်ပွဲတွင်အောင်နိုင်ရေးအတွက် ယှဉ်ပြိုင်ခြင်းသည် ပြိုင်ပွဲများအတွက် နောက်ဆုံးအဆင့်ဖြစ်သည်ကို သတိပြုစေလိုကြောင်း။

အားကစားအောင်မြင်မှုဖြင့် နိုင်ငံတော်၏ဂုဏ်သိက္ခာမြှင့်တင်နိုင်ရေးအတွက် ပြိုင်ပွဲတိုင်းအနိုင်ရရှိရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် မြန်မာအားကစားအဖွဲ့ဝင်အားလုံး၏ပုခုံးထက်တွင် ရှိနေသည်ကိုလည်း သတိပြုကြရမည်ဖြစ်ကြောင်း။

**အစီအမံများချမှတ်ဆောင်ရွက်**

နိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် အဖက်ဖက်တွင် ရင်ပေါင်တန်းနိုင်ရေးအတွက် နယ်ပယ်စုံ ကဏ္ဍစုံ အားထုတ်ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်အားကစားကဏ္ဍကိုလည်း တစ်ခန်းတစ်ကဏ္ဍထည့်သွင်းပြီး နိုင်ငံတကာအဆင့်မီ ဖွံ့ဖြိုးတိုးတက်စေရန် စနစ်တကျအစီအမံများချမှတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**ထောက်ပံ့ငွေများ ချီးမြှင့်**

နိုင်ငံတော်အနေဖြင့် ခေတ်အဆက်ဆက် ဂုဏ်ပြုချီးမြှင့်ပေးခဲ့သည့် အာရှအားကစားပြိုင်ပွဲနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်များရယူပေးခဲ့ကြသည့် နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများကိုလည်း

> မြန်မာအားကစားအဖွဲ့ဝင်များအားလုံး
> နိုင်ငံနှင့်လူမျိုး၏ဂုဏ်ကိုမြှင့်တင်နိုင်ရေး
> ဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့်
> ရေကုန်ရေခမ်း ကြိုးပမ်းယှဉ်ပြိုင်သွားကြစေလို၊
> မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့စရိုက်
> အစဉ်အလာကောင်းများနှင့်အညီ
> ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြ
> ရမည်ဖြစ်၊ အနိုင်မခံအရှုံးမပေးသည့်
> ကြံ့ခိုင်စိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လဖြင့်
> ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင်
> စွမ်းဆောင်ခဲ့ကြရမည်ဖြစ်။

အသက် (၆၀) ပြည့်မြောက်သည့်အချိန်မှစပြီး သက်ရှိထင်ရှားရှိသမျှကာလပတ်လုံး လစဉ်ချီးမြှင့်ထောက်ပံ့ငွေများ ချီးမြှင့်ပေးအပ်လျက်ရှိသကဲ့သို့ ၂၀၂၂ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သည့် (၇၇)နှစ်မြောက် တပ်မတော်နေ့အခမ်းအနားတွင်လည်း အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ်ရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၂ ဦးနှင့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲများတွင် ရွှေတံဆိပ် (၅)ခုနှင့် အထက်ရရှိခဲ့ကြသူ နိုင်ငံ့ဂုဏ်ဆောင်အားကစားသမားများ အနက်မှ ၂၄ ဦးကိုလူမှုထူးချွန်ပထမအဆင့် ချီးမြှင့်ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း၊ ကျန်အားကစားသမားများကိုလည်း ဆက်လက်ပြီး စိစစ်ခွင့်ပြုသွားမှာဖြစ်သကဲ့သို့ ယခုပြိုင်ပွဲတွင်လည်း နိုင်ငံတော်အတွက် ဆုတံဆိပ်များရယူပေးကြမည့် အားကစားမောင်မယ်များအနေဖြင့်လည်း အလားတူအခွင့်အရေးများ ရရှိကြလာမည်ဖြစ်ကြောင်း။

ထို့အပြင် ယခုနှစ် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံ၏ကိုယ်စား သွားရောက်ယှဉ်ပြိုင်မည့် အားကစားမောင်မယ်များကိုလည်း ကြိုးစားမှုရလဒ်များ အပေါ်မူတည်ပြီး နိုင်ငံတော်အနေဖြင့် ဆုရအားကစားသမားများအတွက် ရွှေတစ်ဦးချင်း ငွေကျပ်သိန်း ၃၀၀၊ ငွေတစ်ဦးချင်း ငွေကျပ်သိန်း ၂၀၀၊ ကြေးတစ်ဦးချင်း ငွေကျပ် သိန်း ၁၀၀၊ ရွှေအသင်းလိုက် တစ်ဦးချင်းငွေကျပ်သိန်း ၁၀၀၊ ငွေအသင်းလိုက်တစ်ဦးချင်း ငွေကျပ်သိန်း ၇၀၊ ကြေးအသင်းလိုက် တစ်ဦးချင်း ငွေကျပ် ၃၅ သိန်း၊ နည်းပြများအတွက် ရွှေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၅၀၊ ကြေးတံဆိပ် ဆုရအားကစားနည်းမှ နည်းပြတစ်ဦးလျှင် ငွေကျပ်သိန်း ၃၀၊ အုပ်ချုပ်မှုအဖွဲ့များအတွက် ရွှေတံဆိပ်ဆုရ အားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၁၀၀၊ ငွေတံဆိပ်ဆုရအားကစားနည်းမှအုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ် သိန်း ၅၀၊ ကြေးတံဆိပ်ဆုရအားကစားနည်းမှ အုပ်ချုပ်မှုအဖွဲ့တစ်ဖွဲ့လျှင် ငွေကျပ်သိန်း ၃၀ တို့အား ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း။

**အစွမ်းကုန်ကြိုးပမ်းယှဉ်ပြိုင်**

ထို့ကြောင့် (၃၁) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ကို အပ်နှင်းလိုက်မည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏အလံတော်ဂုဏ်ဒြပ်နှင့် အမျိုးသားရေးတာဝန်ကိုပါ ကိုယ်စားပြုနေသည်ဟူသည့် ခံယူချက်ဖြင့် ပြိုင်ပွဲတိုင်းတွင် နိုင်ငံတော်အောင်လံ တလူလူလွင့်ပျံနေရစေရေး ရေကုန်ရေခမ်းအစွမ်းကုန် ကြိုးပမ်းယှဉ်ပြိုင်သွားကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း။

ပြိုင်ပွဲတွင် အောင်နိုင်ရေးနှင့် အမိနိုင်ငံတော်၏ ဂုဏ်ကို မြှင့်တင်ရေးတာဝန်ကြီးကို နိုင်ငံတော်ကပေးအပ်လိုက်ပြီးဖြစ်သည့်အတွက် မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ကို အရင်းတည်ပြီး ဇွဲ၊ လုံ့လ၊ ဝီရိယစိုက်ထုတ်ကာ အစွမ်းကုန်ကြိုးပမ်းသွားကြရန် ထပ်မံတိုက်တွန်းလိုပါကြောင်း။

(၃၁) ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကိုယခုကဲ့သို့သွားရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် အဖက်ဖက်မှကူညီအားပေးခဲ့ကြသည့် အဖွဲ့ချုပ်များ အပါအဝင်အားလုံးကို နိုင်ငံတော်ကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

မြန်မာအားကစားအဖွဲ့ဝင်များအားလုံး နိုင်ငံနှင့်လူမျိုး၏ ဂုဏ်ကို မြှင့်တင်နိုင်ရေးဟူသည့် အမျိုးသားရေးသန္နိဋ္ဌာန်ဖြင့် ရေကုန်ရေခမ်းကြိုးပမ်း ယှဉ်ပြိုင်သွားကြစေလိုကြောင်း၊ မြန်မာ့ယဉ်ကျေးမှု မြန်မာ့ဓလေ့စရိုက် အစဉ်အလာကောင်းများနှင့်အညီ ယဉ်ကျေးပျူငှာစွာ ပြုမူကျင့်ကြံနေထိုင်သွားကြရမည်ဖြစ်ကြောင်း၊ အနိုင်မခံ အရှုံးမပေးသည့် ကြံ့ခိုင်စိတ်ဓာတ်၊ မလျှော့သောဇွဲ၊ လုံ့လဖြင့် ရင်ဆိုင်ယှဉ်ပြိုင်ပြီး ဆုတံဆိပ်များရရှိအောင် စွမ်းဆောင်ခဲ့ကြရမည်ဖြစ်ကြောင်း၊ အားကစားနှင့် တိုင်းပြည်ဂုဏ်ကို မြှင့်တင်ပေးနိုင်မည့် အားကစားသူရဲကောင်း မောင်မယ်များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အောင်လံလွင့်ပျံနေစေရေး စွမ်းဆောင်သွားကြရမည်ဖြစ်ကြောင်း အလေးအနက်တိုက်တွန်းမှာကြားသည်။

■ ■ ■